ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်၊ စနေနေ့၊ (25-6-2011) (၆၈၀၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခရိုအေးရှားသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   ဇွန်   ၂၅

၂၀၁၁ ခုနှစ် ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ခရိုအေးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အိုင်ဗို ဂျိုဆီပိုဗစ်ချ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ခရိုအေးရှားသမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော်   ဇွန်   ၂၅

၂၀၁၁ ခုနှစ် ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ထံမှ ခရိုအေးရှားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စ ဂျဒရန်ကာ ကိုဆာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

လွှတ်တော်သည် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့်အတွက် ပြည်သူများ၏ အာဏာအုပ်စိုးမှု လွှတ်တော်မှာရှိ လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒနယ်အသီးသီးရှိ ပြည်သူများ၏ အသံ၊ ဆန္ဒ၊ သဘောထားများကို မြင်အောင်ကြည့် သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌများထံတင်ပြ၊ နယ်မြေဒေသအတွင်းရှိ သက်ဆိုင်ရာဌာနများအား အကြောင်းကြားညှိနှိုင်း

ရန်ကုန်   ဇွန်   ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများအား ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ သတင်းနှင့်စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကားပြောကြားရာတွင် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ကုန်သည်ကြီးများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် စာနယ်ဇင်းမှပုဂ္ဂိုလ်များကို မိမိတို့လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဘာတွေလုပ်ဆောင်ခဲ့သည်၊ လုပ်ဆောင်နေသည်၊ လုပ်ဆောင်ဦးမည် ဆိုသည်များကို ကြားသိစေလိုသည့် စေတနာဖြင့် ရည်ရွယ်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုအသင်းချုပ်က ပုဂ္ဂိုလ်များသည် အသင်းပေါင်း ၅၉ သင်း

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

(25-6)01.pmd 1 6/25/2011, 2:51 AM

၂၅-၆-၂၀၁၁
(စနေနေ့)

စေတနာသွေး ပုံမှန်ပေးလှူ ဝိုင်းဝန်းကူ

ရန်ကုန်မြို့ရှိ အမျိုးသားသွေးဌာန၏ မှတ်တမ်းများအရ ၂၀၀၃ ခုနှစ်တွင် စေတနာသွေးလှူရှင် ၃၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၀ ခုနှစ်တွင် ၈၅ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း သိရသည်။ သွေးသွင်းကုသမှုလုပ်ငန်းများအပေါ် ပြည်သူတို့ထားရှိသည့် တာဝန်သိမှုနှင့် စေတနာအား မြင့်မားလာမှုကို ဖော်ညွှန်းလျက်ရှိသည်။

ဆေးပညာကုသမှုကဏ္ဍတွင် မရှိမဖြစ်သောအရာမှာ သွေးနှင့်သွေးပစ္စည်းများဖြစ်သည်။ သွေးသည် လူ၏ အသက်ဖြစ်သည်။ သွေးလှူခြင်းသည် လူ၏အသက်ကို ကယ်တင်ခြင်းဖြစ်ရာ စေတနာသွေးလှူသူ များပြားလာလေ လူ့အသက်ပေါင်းများစွာကို ပိုမိုကယ်တင်နိုင်လေဖြစ်သည်။ စေတနာသွေးလှူရှင်များသည် သွေးလှူဘဏ်တွင် လာရောက်လှူဒါန်းကြသကဲ့သို့ ပြင်ပသွေးလှူဒါန်းပွဲများတွင်လည်း လာရောက်လှူဒါန်းမှုပြုကြသည်။

သွေးသွင်းကုသရမည့်လူနာများအတွက် သွေးကို အချိန်မီလုံလောက်စွာ ရရှိရန် လိုအပ်သကဲ့သို့ သန့်စင်သည့်သွေးများ စုဆောင်းရရှိရန်လည်း အရေးကြီးသည်။ အထူးသဖြင့် သွေးလှူရှင်များသည် ကျန်းမာပြီး သွေးနီအားပြည့်မီသူများ၊ ခုခံအားကျဆင်းမှုရောဂါပိုး၊ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးစသည့် ကူးစက်နိုင်သောရောဂါပိုး ကင်းစင်သူများဖြစ်ကြရမည် ဖြစ်သည်။

သွေးလှူဒါန်းသူအများစုမှာ သွေးလှူဒါန်းပွဲများနှင့် ကြုံကြိုက်မှသာ လှူကြသဖြင့် သွေးလှူဒါန်းပွဲများအပြီးတွင် သွေးများပိုလျှံနေသော်လည်း နေ့စဉ်လိုအပ်မှုများအတွက် ပုံမှန်သွေးလှူရှင်များ လိုအပ်နေသေးကြောင်း သိရသည်။ သွေးလွန်တုပ်ကွေးကဲ့သို့ ရောဂါမျိုးတွင်သုံးရသည့် သွေးရည်ကြည်သည် ရက်အကန့်အသတ်ဖြင့် သုံးရသောကြောင့် နေ့စဉ်ပုံမှန်သွေးလှူရှင်များ လိုအပ်နေမည်ဖြစ်သည်။

ယခုအခါ လူမှုရေးအသင်းအဖွဲ့အသီးသီး၊ ဌာနဆိုင်ရာနှင့် စေတနာသွေးလှူရှင်များ၏ အားထုတ်မှုဖြင့် ပုံမှန်သွေးလှူဒါန်းမှုများ ပိုမိုများပြားလာနေပြီဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနက သွေးသွင်းကုသမှုများအတွက် အန္တရာယ်ကင်းသော သွေးများရရှိစေရန် သွေးမလှူမီလိုအပ်သော စစ်ဆေးမှုများ ပြုလုပ်ပြီးမှသာ သွေးလှူစေသည်။

သွေးလှူဒါန်းမှုသည် မိနစ်ပိုင်းမျှသာကြာပြီး သွေးလှူရှင်အား ခေတ္တအနားယူစေခြင်း၊ အစားအစာဖြင့် အားဖြည့်လန်းဆန်းစေခြင်းဖြင့် သွေးလှူရသည့် ပီတိသုခခံစားရရှိနိုင်သည်။ စေတနာ့ဝန်ထမ်းစိတ်ဖြင့် လူအင်အား၊ ငွေကြေးအင်အား ထောက်ပံ့ကူညီမှုများနှင့်အတူ သွေးလှူသူများ၏ ကျန်းမာသန့်စင်သောသွေးဖြင့် လူ့အသက်ပေါင်းများစွာကို ကယ်တင်ပေးနိုင်ရေး စေတနာသွေး ပုံမှန်ပေးလှူကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

ဇွန် ၁ ရက်က လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ် ကင်းရှင်းစေရန်အတွက် ပဲခူးမြို့ရှိ ဓာတ်အားလိုင်းများတွင် ဓာတ်အားလိုင်းကာကွယ်ရေးပစ္စည်းများအား ပဲခူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်းထွန်းနှင့် လိုင်းဝန်ထမ်းများ တပ်ဆင်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ (ဒုတိယအင်ဂျင်နီယာချုပ်) ဦးကိုကိုနိုင် ကြည့်ရှုစစ်ဆေးစဉ်။

(ခရိုင်ပြန်/ဆက်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ဝန်ကြီးရုံး လျှိုပိတ်တမံအမှတ်(၃)အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးစဉ်။ (သတင်းစဉ်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုး၊ ငါးမျိုးသားပေါက် စိုက်ထည့်

နေပြည်တော် ဇွန် ၂၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးသားပေါက်စိုက်ထည့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ပျိုးပင်ပေါက်များကို ဌာနအသီးသီးသို့ ဖြန့်ဝေပေးပြီး သတ်မှတ်နေရာ၌ ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများက သတ်မှတ်နေရာများ၌ အရိပ်ရလေကာပင်နှင့် နှစ်ရှည်သီးပင်စားပင်များ အပင် ၃၄၅၀ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် ၂၀၁၀ ခုနှစ်တွင် ရတနာတန်းဝင်ကျွန်းပင်နှင့် နှစ်ရှည်သီးပင်စားပင် စုစုပေါင်း ၂၄၆၀၉ ပင်ကို စိုက်ပျိုးပြီးဖြစ်ရာ ယခုထပ်မံစိုက်ပျိုးမှုအပါအဝင် အရိပ်ရလေကာပင်နှင့် နှစ်ရှည်သီးပင်စားပင် စုစုပေါင်း ၂၈၀၅၉ ပင်ရှိပြီဖြစ်သည်။

ကြည့်ရှုအားပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးရုံး လျှိုပိတ်တမံအမှတ်(၃)အတွင်းသို့ ငါးကြင်းရွှေဝါ၊ ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ မြက်စားငါးကြင်းနှင့် တီလားပီးယားငါးမျိုးသားပေါက်များကို စိုက်ထည့်ပေးပြီး ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၏ ငါးမျိုးသားပေါက်ကောင်ရေ ၃၂၀၀၀ မျိုးစိုက်ထည့်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

ငါးသယံဇာတဖွံ့ဖြိုးရေး ငါးမျိုးစိုက်ထည့်

ပဲခူး ဇွန် ၂၄

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာနတို့၏ ညွှန်ကြားချက်နှင့်အညီ ငါးသယံဇာတဖွံ့ဖြိုးတိုးတက်ရေးအတွက် မင်းလှမြို့နယ်ရှိ ကံတင်ဘီးလင်းဆည်အတွင်းသို့ ဇွန် ၁၀ ရက်က ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပရာ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးဇော်မြင့်နိုင်နှင့် ဝန်ထမ်းများ၊ အုတ်ဖိုငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးသန်းနိုင်နှင့် ဝန်ထမ်းများ၊မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်သူရနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ကံတင်ဘီးလင်းဆည်အတွင်းသို့ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ သုံးသိန်းခန့် မျိုးစိုက်ထည့်ပေးကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅-၆-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၂။ တရားတော်
- ၇:၂၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၃၀ ၅။ မြန်မာ့ရှုခင်း
- ၇:၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၁၀ ၁။ နိုင်ငံတော်သီချင်း
- ၁၁:၁၅ ၂။ အဖွင့်သီချင်း
- ၁၁:၂၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် -ဘေ့စ်ဘောကြယ်ပွင့်များ (အပိုင်း-၁၅)
- ၁၂:၀၀ ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း -အမုန်းဆုဧကရီပန်ထွာဒေဝီ (ပြေတီဦး၊ မျိုးစန္ဒီကျော်နှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-မင်းသီဟ၊မင်းညီ)**
- ၁:၃၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၂:၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၇၈)**

ညပိုင်း

- ၄:၀၇ ၁။ နိုင်ငံတော်သီချင်း
- ၄:၁၀ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၀ ၆။ ချစ်သူစုံတွဲတူယှဉ်၍
- ၄:၅၀ ၇။ ကုန်သွယ်သုတ
- ၅:၁၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၁၅ ၁၂။ လျှပ်တစ်ပြက်
- ၆:၂၀ ၁၃။ စားဖိုဆောင်ချစ်သူ
- ၆:၄၀ ၁၄။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငွေတိုက်ပွဲ (အပိုင်း-၂၂)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ လူ့ရွှင်တော်စတား
- ၂၁။ အင်္ဂလိပ်စာသုတ
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ် အိပ်မက်လေးရယ် (အပိုင်း-၁၃)**
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၆၄)**

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၄-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၆၅၁၄	၀. ၀၃၂၆၂
တရုတ် (ယွမ်)	၆. ၄၇၁၀၁	၀. ၁၅၄၅၄
အိန္ဒိယ (ရူပီး)	၄၄. ၉၉၀၀	၀. ၀၂၂၂၃
မလေးရှား (ရင်းဂစ်)	၃. ၀၄၀၅၀	၀. ၃၂၈၈၉
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၈၅၂	၀. ၈၀၇၄၂
ဂျပန် (ယန်း)	၈၀. ၃၁၇၇	၀. ၀၁၂၄၅
တောင်ကိုရီးယား(ဝမ်)	၁၀၇၈. ၈၀	၀. ၀၀၀၉၃
ယူရို	၀. ၇၀၅၆၁	၁. ၄၁၇၂၀
ဗြိတိသျှ (ပေါင်)	၀. ၆၂၅၃၄	၁. ၅၉၉၁၄

အင်တာနက်။

ဗိသုကာအသင်း ပညာရပ်ဆိုင်ရာဆွေးနွေးမည်

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (၀၈/၂၀၁၁)ကို ဇွန် ၂၅ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း) မြေညီထပ် Seminar Room၌ ကျင်းပမည်ဖြစ်ရာ ယင်းဟောပြောပွဲသို့ ဗိသုကာများနှင့်တကွ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး ဖုန်း-၀၉-၇၃၁၅၄၄၆၀၊ ၀၁-၅၀၉၆ ၇၃-၇၆(လိုင်းခွဲ-၁၁၉)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီတွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(စမ်းချောင်း)၊ ပညာဗိမာန်ခန်းမ၌ ကျင်းပရာ အသက်ခြောက်နှစ်မှ ရှစ်နှစ်အထိ အဆင့်(၁)ပြိုင်ပွဲတွင် ၅၅ ဦး၊ အသက်ကိုးနှစ်မှ (၁၂) နှစ်အထိ အဆင့် (၂) ပြိုင်ပွဲတွင် ၆၁ ဦး၊ အသက် ၁၃ နှစ်မှ (၁၅) နှစ်အထိ အဆင့် (၃) ပြိုင်ပွဲတွင် ၅၉ ဦး၊ အသက် (၁၆) နှစ်မှ (၁၈) နှစ်အထိ အဆင့်(၄)ပြိုင်ပွဲတွင် ၁၆ ဦး စုစုပေါင်း ၁၉၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပိုစတာပြိုင်ပွဲအပြင် အခြေခံပညာအလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်/ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲများကို ဇွန် ၁၉ ရက် နံနက် ၉ နာရီတွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(စမ်းချောင်း)၊ ရန်ကင်းပညာရေးကောလိပ်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ်တို့တွင် ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၉၇၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။ (ကြေးမုံ)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နိုင်ငံတကာအသိုက်အဝန်းအတွင်း မြန်မာနိုင်ငံက ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးဆန်းစစ်သည့် အလုပ်ရုံဆွေးနွေးပွဲ၌ အဖွင့်မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတကာအသိုက်အဝန်းအတွင်း မြန်မာနိုင်ငံကဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးဆန်းစစ်သည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၄

နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာနနှင့် ဂျာမန်ဖောင်ဒေးရှင်း ဖရီးဒရစ်အေဘတ်စတစ်ဖ်တုန်း (FES) တို့ ပူးတွဲကမကထပြု၍ နိုင်ငံတကာ အသိုက်အဝန်းအတွင်း မြန်မာနိုင်ငံကဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးဆန်းစစ်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ အင်းလျားကန်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံတကာအသိုက်အဝန်းအတွင်း မြန်မာနိုင်ငံက နိုင်ငံခြားဆက်ဆံရေးနှင့် စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ရှေ့လုပ်ငန်းစဉ်များအပေါ် ဆန်းစစ်လေ့လာရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်နှင့် ဖရီးဒရစ်အေဘတ် စတစ်ဖ်တုန်း (FES)မှ အာရှဌာန ညွှန်ကြားရေးမှူး Mr. Jurgen Stetten တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အဖွင့်မိန့်ခွန်း ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အာဆီယံ၊ တရုတ်၊ အိန္ဒိယ၊ အီးယူ၊ အမေရိကန်ပြည်ထောင်စုနှင့် မြန်မာနိုင်ငံတို့မှ ပညာရှင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တရုတ်၊ အိန္ဒိယ၊ ဂျာမနီ၊ ဩစတြေးလျ၊ နော်ဝေး၊ စင်ကာပူ၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံသံရုံးတို့မှ သံအမတ်ကြီးများနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ ဌာနေကိုယ်စားလှယ်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခရိုအေးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပပေါင်းစည်းရေး ဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၁ ခုနှစ် ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ခရိုအေးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဂေါ်ဒွန် ဂျန်ဒရိုကိုဗစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၄

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် Guilin Research Institute of Geology for Mineral Resources ဒုတိယဥက္ကဋ္ဌ Mr. Jia Xiangguo ဦးဆောင်သည့် အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး သတ္တုတူးဖော်ထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီးဌာနအောက်ရှိ သတ္တုတွင်းဦးစီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုချီးမြှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၄

၂၀၁၀-၂၀၁၁ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏သားသမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ၂၀၁၁-၂၀၁၂ ခု ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရဲရွာအစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၁-၂၀၁၂ခု ပညာသင်နှစ် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူ ၂၇၁၆ ဦး အတွက် ပညာသင်ထောက်ပံ့ကြေးများကို ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ တာဝန်ရှိသူများထံ ပေးအပ်ပြီး ၂၀၁၀-၂၀၁၁ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ တစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရရှိသူနှစ်ဦးနှင့် လေးဘာသာ ဂုဏ်ထူးရရှိသူသုံးဦးတို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ဒုတိယဝန်ကြီးဦးမြင့်ဇော်က သုံးဘာသာ ဂုဏ်ထူးရရှိသူနှစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူး ရရှိသူသုံးဦးနှင့် တစ်ဘာသာဂုဏ်ထူး ရရှိသူငါးဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

၂၀၁၀-၂၀၁၁ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၏ သားသမီးများမှ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင်သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ငါးဦးနှင့် ရိုးရိုးအောင်မြင်သူ ၆၄ ဦး စုစုပေါင်း ၈၀ ဖြေဆိုအောင်မြင်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကွန်ပျူတာအသုံးပြု အစိုးရစာရင်းထားနည်းစနစ် သင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၄

ကွန်ပျူတာအသုံးပြု အစိုးရစာရင်းထားနည်းစနစ် သင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး လေ့ကျင့်ရေးဌာန နေပြည်တော်၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်(တာဝန်)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သင်တန်းသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရှစ်ရက်ကြာမြင့်မည်ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းများအတွက် သင်တန်းအမှတ်စဉ်(၂)ကို ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် ကွန်ပျူတာအသုံးပြု အစိုးရစာရင်းထားနည်းစနစ်သင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၂၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင်နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** စစ်တွေမြို့တွင် ၇ ဒသမ ၆၇ လက်မ၊ မောင်တောမြို့တွင် ၆ ဒသမ ၅၃ လက်မ၊ သံတွဲမြို့တွင် ၄ ဒသမ ၃၀ လက်မ၊ ထားဝယ်မြို့တွင် ၄ ဒသမ ၁၃ လက်မ၊ ဂွမြို့တွင် ၄ ဒသမ ၀၉ လက်မ၊ အမ်းမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ လောင်းလုံမြို့တွင် ၃ ဒသမ ၄၆ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ မြစ်ကြီးနားမြို့နှင့် ရွှေကျင်မြို့တို့တွင် ၂ ဒသမ ၉၉ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ထူးခြားသည့် အခြေအနေ။ ယနေ့မြန်မာစံတော်ချိန် ၉ နာရီခွဲအချိန်တိုင်းထွာချက်များအရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော အပူပိုင်းမုန်တိုင်း "ဟိုင်မား"သည် တုံကင်ပင်လယ်ကွေ့သို့ရောက်ရှိပြီး ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၏ အရှေ့တောင်ဘက် မိုင် ၁၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါအပူပိုင်းမုန်တိုင်းသည် အနောက်ဘက်သို့ ရွေ့လျားမည်ဟုခန့်မှန်းရသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက် ။ ။ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်မည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

✳ ယခင်ပြပွဲများထက်

တာဝန်ယူပြီးတဲ့နောက် ပထမဆုံး ကျင်းပမယ့် ပွဲကြီးဖြစ်ပါတယ်။ ဒါကြောင့်မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီအနေနဲ့ အထူးရောင်းချပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် ဆပ်ကော်မတီအသီးသီး ဖွဲ့စည်းပြီး တာဝန်တွေခွဲဝေဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းကဝန်ထမ်းတွေအပြင် သတ္တုတွင်းဝန်ကြီးဌာနနဲ့ အခြားဝန်ကြီးဌာနများကဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းက ဥက္ကဋ္ဌအပါအဝင် အမှုဆောင်များနဲ့ အသင်းဝင်များ၊ ကျောက်မျက်ရတနာကုမ္ပဏီများက ဝန်ထမ်းများအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နေကြပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

လုပ်ငန်းဆောင်ရွက်ရာတွင် ဖွင့်ပွဲအခမ်းအနားကျင်းပနိုင်ရေး၊ မြန်မာ့ကျောက်မျက်ရတနာ ပြပွဲဗဟိုကော်မတီဝင်များ၊ အထူးရောင်းချပွဲတွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများနှင့် ရတနာကုန်သည်များ ဝင်ထွက်ခွင့်ရရှိရေး၊ ရောင်းချပွဲကာလအတွင်း နေရာထိုင်ခင်းနှင့် ရေ မီး မိလ္လာ စသည့် အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေစေရေး၊ ကျောက်ပေးပို့ထားပြီးဖြစ်သည်။ ပြည်တွင်းမှ ရတနာကုန်သည်များ တက်ရောက်နိုင်ရန်အတွက်လည်း နေ့စဉ်ထုတ်သတင်းစာများတွင် ကြော်ငြာများထည့်သွင်း၍ ဖိတ်ကြားထားပြီး ဖြစ်ရာ ဇွန် ၂၀ ရက်မှ စတင်၍ တက်ရောက်ရန် စာရင်းပေးသွင်းနေကြပြီဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် အထူးရောင်းချပွဲ ကျင်းပမည့် မဏိရတနာကျောက်စိမ်းခန်းမဝင်းအတွင်း လှည့်လည်လေ့လာကြည့်ရှုမိသည်။ ကျောက်စိမ်းအတွဲများကား မြန်မာနိုင်ငံသူ နိုင်ငံသားတို့အတွက် သဘာဝမိခင်မြေကြီးက ချီးမြှောက်ဂုဏ်ပြုလိုက်သော လည်ဆွဲရတနာကြီးပမာ အသွေးအရောင် ဝေဆာလှပစွာဖြင့် မျက်စိပသာဒ ချမ်းမြေ့ဖွယ်ရှိလှတော့သည်။ အမျိုးအမည်နှင့် အရေအတွက်များပြားလွန်းသလောက် အရည်ကျောက်၊ အထည်ကျောက်နှင့်အသားကျောက်မျိုးစုံစုံလင်စွာလည်း ပါဝင်နေသည်ကို တွေ့မြင်ရသည်။

"ကျောက်စိမ်းတွေက များလွန်းတော့ ဒီခန်းမဝင်းအပြင် ကျောက်စိမ်းဥယျာဉ်အနားက ယာဉ်ရပ်နားကွင်းနဲ့ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်ဝင်းအတွင်းမှာပါ ခင်းကျင်းပြသထားရတယ်ဗျ"ဟု ကျောက်စိမ်း ဆပ်ကော်မတီ အတွင်းရေးမှူးဖြစ်သူ မြန်မာ့ကျောက်မျက်ရတနာလေးရက်ရောင်းချပေးမည်ဖြစ်ရာ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းအတွဲပေါင်း ၃၂၀ ဝန်းကျင် ရောင်းချပေးနိုင်မည် ဖြစ်သည်။ တင်ဒါစနစ်ဖြင့် ရောင်းချရာတွင်မူ တင်ဒါပုံးတစ်ပုံးလျှင် ကျောက်စိမ်းအတွဲ ၁၀၀ အတွက် ဈေးနှုန်းလွှာများတင်သွင်းနိုင်သည့် ပုံး ၃၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ တစ်ရက်လျှင် ကျောက်စိမ်းအတွဲ ၃၀၀၀ ရောင်းချပေးနိုင်မည် ဖြစ်သည်။ တင်ဒါပုံးများ ဖွင့်ဖောက်ရေတွက်ရာတွင် ဥပမာအားဖြင့် ဇူလိုင် ၃ ရက်တွင် ဖွင့်လှစ်မည့် တင်ဒါများအတွက် ဇူလိုင် ၂ ရက်ညတွင် တစ်ညလုံး ဖွင့်ဖောက်ရပြီး သဘာပတိအဖွဲ့က စိစစ်ဆောင်ရွက်ပြီးမှသာ ဇူလိုင် ၃ ရက်မနက်တွင် ဈေးနှုန်းအမြင့်ဆုံးဖြင့် ဝယ်ယူခွင့်ရရှိသည့် တင်ဒါအောင်စာရင်းကို ထုတ်ပြန်ပေးနိုင်မည် ဖြစ်သည်။ ယင်းသို့ တင်ဒါပုံးများ ဖွင့်ဖောက်စစ်ဆေးရန်အတွက် ဝန်ထမ်းအင်အား ၅၀၀ ကျော်ကို အသုံးပြုဆောင်ရွက်ရကြောင်း မေးမြန်းသိရှိရသည်။

ထို့နောက် ကျောက်မျက်ရတနာများနှင့် ပုလဲအတွဲများ ပြသရောင်းချပေးမည့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ခြေဦးလှည့်ခဲ့သည်။ ကျောက်မျက်ရတနာအတွဲများ ရောင်းချပေးမည့်နေရာ၌ ကျောက်မျက် ဆပ်ကော်မတီမှတာဝန်ရှိသူများက ကျောက်မျက်ရတနာများ စနစ်

အရည်အသွေးကောင်း မြန်မာ့ပုလဲအတွဲများ။

စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများ စနစ်တကျခင်းကျင်းပြသနိုင်ရေး စသည့် လုပ်ငန်းတာဝန်များကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရတနာကုန်သည်များ နေပြည်တော်တွင် အဆင်ပြေချောမွေ့စွာ နေထိုင်သွားလာ စားသောက်နိုင်ရေးအတွက် စီစဉ် ဆောင်ရွက်ထားမှုကိုလည်း ဦးသစ်လွင်က ဤသို့ ရှင်းပြသည်။

"ပြည်တွင်း ပြည်ပက ရတနာကုန်သည်တွေ တည်းခိုနေထိုင်ဖို့အတွက် စီစဉ်ပေးရာမှာ ဟိုတယ်အားလုံးမှာရှိတဲ့ အခန်းပေါင်း ၁၇၅၂ ခန်းကို ရတနာကုန်သည်တွေက ကြိုတင်မှာယူပြီးပါပြီ။ စည်ပင်ဧည့်ရိပ်သာမှာလည်း အခန်းပေါင်း ၄၃၄ ခန်းကို ကြိုတင်ငှားရမ်းပြီးဖြစ်ပါတယ်။ လုံးချင်းအိမ်ရာ ၂၆ လုံးစီစဉ်ထားရာမှာ လေးလုံးငှားရမ်းထားပြီးပါပြီ။ အထူးရောင်းချပွဲကာလအတွင်း သွားလာမှုအဆင်ပြေစေရေးအတွက်လည်း ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီက ပါရမီအငှားယာဉ်စီးရေ ၁၀၀ လာရောက်ပြေးဆွဲပေးမှာဖြစ်ပါတယ်။ စားသောက်မှုအတွက်လည်း ဆိုင်ပေါင်း ၇၀ ခန့် ဖွင့်လှစ်ရောင်းချပေးဖို့ စီစဉ်ထားပါတယ်"

အထူးရောင်းချပွဲသို့ တက်ရောက်နိုင်ရန်အတွက် တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဂျပန်၊ မလေးရှား၊ ထိုင်း၊စင်ကာပူ၊ ဗီယက်နမ်နှင့် ကနေဒါနိုင်ငံတို့မှ ရတနာကုန်သည် ၆၇၀၀ တို့ထံ ဖိတ်ကြားစာများရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲထွဋ်က ရှင်းပြသည်။

ပြသရောင်းချမည့် ကျောက်စိမ်းအတွဲများမှာ အတွဲပေါင်း ၂၂၀၀၀ ကျော်ရှိသည်။ မတ်လတွင် ကျင်းပခဲ့သည့် (၄၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၁၇၀၀၀ ခင်းကျင်းပြသ ရောင်းချခဲ့သည်။

" ကျောက်စိမ်းတွေက ယခင်ပြပွဲကထက် အရေအတွက် ပိုမိုများပြားလာသလို အရည်အသွေးလည်း ပိုမိုကောင်းမွန်တဲ့ ကျောက်တွေပါ။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းနဲ့အတူ ကုမ္ပဏီပေါင်း ၇၀၀ လောက် ပါဝင်ပြသရောင်းချသွားမှာပါ။ အခု ကျောက်စိမ်းအတွဲတွေကို လက်ခံပြီး ပြသရောင်းချဖို့ ခင်းကျင်းနေပါပြီ။ ခင်းကျင်းတဲ့နေရာမှာလည်း သူ့အမျိုးအစားနဲ့သူ သူ့အတွဲနဲ့သူ နေရာကျအောင်၊ အတွဲအတန်းညီညာအောင်၊ ရတနာကုန်သည်တွေ ကြည့်ရှုရွေးချယ်ဖို့ လွယ်ကူအဆင်ပြေအောင် စနစ်တကျနေရာချထားနေပြီး လုပ်ငန်းလက်စသတ်နေပါပြီ"ဟု ဦးရဲထွဋ်က ဆက်လက်ပြောကြားသည်။

ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့်ရောင်းချရာ၌ တစ်တွဲရောင်းချချိန်မှာ ၆ မိနစ်ခန့် ကြာမြင့်သည်။ ထို့ကြောင့် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရောင်းချပေးရာတွင် အတွဲ ၈၀ ခန့်သာ ရောင်းချနိုင်သည်။ ဈေးပြိုင်စနစ်ဖြင့်တကျ ခင်းကျင်းနေကြသည်ကို တွေ့ရသည်။

အထူးရောင်းချပွဲတွင် တင်ဒါစနစ်ဖြင့် ၂၂၄ တွဲနှင့် ဈေးပြိုင်စနစ်ဖြင့်အတွဲ ၆၀ စုစုပေါင်း ၂၈၄ တွဲ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းနှင့်အတူ ကျောက်မျက်ကုမ္ပဏီ ၄၂ ခုနှင့် ကျောက်မျက်ရတနာအရောင်းဆိုင် ခြောက်ဆိုင်တို့က ပါဝင်ပြသ ရောင်းချကြမည်ဖြစ်ကြောင်း ကျောက်မျက်ဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝင်းသန်းတင်က ပြောကြားသည်။ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်အတွဲပေါင်း ၂၀၆ တွဲ၊ ၂၀၁၀ခုနှစ် နိုဝင်ဘာလကကျင်းပခဲ့သည့် နှစ်လယ်မြန်မာ့ကျောက်မျက် ရတနာပြပွဲတွင် ၂၇၃ တွဲ ခင်းကျင်းပြသ ရောင်းချပေးခဲ့ရာ ယခုကျင်းပမည့် အထူးရောင်းချပွဲတွင် ယခင်ကထက် ပိုမိုပြသ ရောင်းချပေးနိုင်မည်ဖြစ်သည်။

"ပြသရောင်းချမယ့် ကျောက်မျက်ရတနာတွေကတော့ ပတ္တမြား၊ နီလာ၊ မိုးကုတ် ရောင်စုံကျောက်များ၊ မိုင်းရှူးပတ္တမြားရိုင်း၊ နန့်ယားပတ္တမြားရိုင်း၊ သလင်းရိုင်းနဲ့ ထပ်တရာရိုင်းတို့ဖြစ်ပါတယ်။ အရင်ပြပွဲတွေတုန်းကတော့ ကျောက်မျက်ရတနာတွေကို ထိုင်းနိုင်ငံက ရတနာကုန်သည်တွေက အများဆုံးဝယ်ယူကြပါတယ်။ သူတို့က မိုင်းရှူးပတ္တမြားရိုင်းတွေကို အဓိကထား ဝယ်ယူကြတာပါ။ သလင်းရိုင်းတွေကိုတော့ တရုတ်ရတနာကုန်သည်တွေက ဝယ်ယူတာ

ကျောက်စိမ်းအတွဲများကို သယ်ယူနေရာချထားနေစဉ်။

များပါတယ်"ဟု မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူးလည်းဖြစ်သူ ဦးဝင်းသန်းတင်က ဆက်လက်ပြောကြားသည်။

၁၄ ဒသမ ၉၃ ကရက်ရှိ ပတ္တမြားပွတ်ချောလုံးကြီးနှင့် ၁၃ ဒသမ ၉၀ ကရက်ရှိ ပတ္တမြား ဂေါ်ကြိုးကြီး အပါအဝင် ပြသထားသည့် ကျောက်မျက်ရတနာများမှာ အရည်အသွေး ကောင်းလွန်းလှသဖြင့် ရတနာကုန်သည်တိုင်း နှစ်သက်သဘောကျကြမည်မှာ သေချာသည်။ အထူးရောင်းချပွဲနှင့်အတူ ပုဂ္ဂလိကရတနာအရောင်းဆိုင်များကလည်း လက်ဝတ်ရတနာများ၊ အမှတ်တရပစ္စည်းများနှင့် ကျောက်စီပန်းချီကားများကို ပြသရောင်းချကြမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ပုလဲပြသရောင်းချမည့်နေရာသို့ရောက်ရှိခဲ့သည်။ ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကား အရောင်အဆင်း အရည်အသွေး စုံလင်လှသည်။ အချို့ပုလဲများ၏ အရောင်ကား ဝါဂွမ်းပမာ ဆွတ်ဆွတ်ဖြူလှသည်။ အချို့ကား ရွှေရောင်၊ အချို့မှာမူ ရွှေရောင်ဖျော့ဖျော့။

" ဒီပွဲမှာ ပုလဲအတွဲပေါင်း ၃၅၅ တွဲ ပြသရောင်းချမှာပါ။ တင်ဒါစနစ်နဲ့ ၃၁၃ တွဲနဲ့ ဈေးပြိုင်စနစ်နဲ့ ၄၂တွဲပါ။ လုံးရေအားဖြင့် တင်ဒါစနစ်နဲ့ ၅၉၀၂၃ လုံး၊ ဈေးပြိုင်စနစ်နဲ့ ၆၂၂၅ လုံး စုစုပေါင်း ၆၅၂၄၈ လုံးပါ။ အလေးချိန်နဲ့ပြောရရင်တော့ တင်ဒါစနစ်မှာ ၃၁၀၁၅ ဒသမ ၇၅ မိုမီနဲ့ ဈေးပြိုင်စနစ်မှာ ၂၄၉၃ဒသမ ၇၀ မိုမီရှိပါတယ်" ဟု ပုလဲဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိန်လွင်က ပြောကြားသည်။

တစ်မိုမီ(Momme)လျှင် ဂရမ်အားဖြင့် ၃ ဒသမ ၇၅ ဂရမ်၊ ရတီအားဖြင့် ၂၀ ဒသမ ၆၂၅ ရတီနှင့် ကရက်အားဖြင့် ၁၈ ဒသမ ၇၅ ကရက် ရှိသည်။

ကမ္ဘာပေါ်တွင် တောင်ပင်လယ်ပုလဲ (South Sea Pearl) မွေးမြူထုတ်လုပ်သည့် နိုင်ငံများမှာ ဩစတြေးလျ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် မြန်မာနိုင်ငံတို့သာ ရှိသည်။ ယင်းတို့အနက် ဩစတြေးလျနိုင်ငံက ထုတ်လုပ်သည့် ပုလဲများမှာ အရွယ်အစားအကြီးဆုံးဖြစ်သည်။ မြန်မာပုလဲများမှာမူ ပွင့်ရည် (Lustre) အကောင်းဆုံး ဖြစ်သဖြင့် လူကြိုက်များသည်။

ယခင်ကျောက်မျက်ရတနာပြပွဲများတွင် မြန်မာ့ပုလဲများကို ဂျပန်နိုင်ငံက အများဆုံး လာရောက် ဝယ်ယူကြကြောင်း၊ ပြီးခဲ့သည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ဂျပန်နိုင်ငံမှ ရတနာကုန်သည်တစ်ဦးက အများဆုံးဝယ်ယူခဲ့ကြောင်း၊ ဟောင်ကောင်နှင့် အိန္ဒိယနိုင်ငံတို့မှ ရတနာကုန်သည်များလည်း လာရောက် ဝယ်ယူကြောင်းဖြင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာလည်း ဖြစ်သူ ဦးစိန်လွင်က ဆက်လက်ပြောကြားသည်။

"(၄၈)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲတုန်းက ပုလဲအတွဲပေါင်း ၂၅၅ တွဲပဲ ပြသရောင်းချပေးခဲ့တာပါ။ အထူးရောင်းချပွဲမှာတော့ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းက ပြသရောင်းချပေးမယ့် ၂၆၉ တွဲအပြင် ပုလဲထုတ်လုပ်ရေးကုမ္ပဏီ လေးခုကလည်း ပါဝင်ပြသ ရောင်းချမှာဖြစ်တဲ့အတွက် ယခင်ပြပွဲကထက် ပုလဲအတွဲ ပိုမိုများပြားလာခြင်းဖြစ်ပါတယ်။ နောင်ပြပွဲများမှာလည်း ယခုထက် ပိုမိုပြသရောင်းချပေးနိုင်မယ့်အလားအလာရှိပါတယ်"ဟု ၎င်းက ရှင်းပြရင်း အရည်အသွေးကောင်း မြန်မာ့ပုလဲများကို လိုက်လံပြသသည်။

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲကြီးကား လာမည့် ဇူလိုင် ၁ ရက်မှ ၁၃ ရက်အထိ မဏိရတနာ ကျောက်စိမ်းခန်းမကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။ ကျောက်မျက်ရတနာ ပြပွဲဗဟိုကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးက ရောင်းချပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ လိုလေသေးမရှိအောင် စီမံဆောင်ရွက်နေသည်ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ ခင်းကျင်းပြသ ရောင်းချပေးမည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများမှာလည်း ယခင်ပြပွဲများကထက် ပိုမိုများပြားပြီး အရည်အသွေးလည်း ကောင်းမွန်လှသည်။ သို့ဖြစ်ရာ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ သဘောကျ နှစ်ခြိုက်စွာဖြင့် စိတ်တိုင်းကျ ဝယ်ယူနိုင်မည့် အထူးရောင်းချပွဲကြီး ဖြစ်လာမည်မှာ မုချမလွဲဧကန်ပင်။ ။

အမှတ်တရပစ္စည်းများ

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲကြီးတွင် ကျောက်မျက်ရတနာအရောင်းဆိုင်များက ပြသရောင်းချပေးမည့် ကျောက်စိမ်းအမှတ်တရပစ္စည်းများကို လိုချင်စဖွယ် တွေ့ရစဉ်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ဆည်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အဆောက်အအုံဝန်းကျင်၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းတို့က သတ်မှတ်နေရာ၌ ရတနာတန်းဝင် ကျွန်းပင်များကို စိုက်ပျိုးပေးကြသည်။ ထို့နောက် ဝန်ထမ်းများ၏ ရတနာတန်းဝင်ကျွန်း၊ ပျဉ်းကတိုးနှင့် မဟော်ဂနီပင်များ၊ စိန်တလုံးသရက်နှင့် ခရေ၊ ကုံ့ကော်၊ စိန်ပန်းစသည့် နှစ်ရှည်စားပင်နှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ကြီးရုံး အနောက်ဘက်ရှိ လျှိုပိတ်ဆည်အတွင်း ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

စုပေါင်းစိုက်ပျိုး

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ယနေ့တွင် ရတနာတန်းဝင်ကျွန်းပင် ၂၀၀၊ ပျဉ်းကတိုးနှင့် မဟော်ဂနီပင် ၁၀၀ စီ၊ စိန်တလုံးသရက်ပင် ၇၀၀ နှင့် အရိပ်ရလေကာပင်များ အပါအဝင် အပင်စုစုပေါင်း ၁၅၀၀ တို့ကို စုပေါင်းစိုက်ပျိုးပေးကြပြီး လျှိုပိတ်ဆည်အတွင်း ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်းနှင့် ငါးခုံးမ စသည့် ငါးကောင်ရေ ၇၀၀၀ တို့ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သပြေကန်ဆရာတော် ရာပြည့်စာစောင်ထုတ်ဝေမည်

ရန်ကုန် ဇွန် ၂၄

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေကျင်ကျောင်းတိုက်ကြီး၏ ပဓာန နာယက၊ အဘိဓဇ မဟာရဋ္ဌဂုရု ကျမ်းပြုအကျော် သပြေကန်ဆရာတော်ကြီး၏ သက်တော်ရာပြည့် အထိမ်းအမှတ်အဖြစ် သပြေကန်ထေရ ဂုဏပူဇာ နှစ်(၁၀၀)စာစောင် ထုတ်ဝေပူဇော်နိုင်ရေးအတွက် သပြေကန်ထေရ ဂုဏပူဇာ နှစ်(၁၀၀)စာစောင်ဖြစ်မြောက်ရေးအဖွဲ့ကို ဖွဲ့စည်းထားပြီဖြစ်ရာ ဂါထာ၊ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထု၊ ရတု၊ သုတ၊ ရသစာများကို ဩဂုတ် ၁၄ ရက် နောက်ဆုံးထား၍ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တခေမာစာရ ဖုန်း-၀၁-၂၉၁၀၅၉၊ ဥက္ကဋ္ဌ ဦးစိုးသိမ်း(စာရေးဆရာမောင်ဝံသ) ဖုန်း-၃၇၃၂၁၀၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ခင်မြင့်(မောင်ရင့်ကျူး-မြောင်းမြ) ဖုန်း-၃၇၂၄၆၇ နှင့် ဒုတိယဥက္ကဋ္ဌ ဦးခင်လှ ဖုန်း-၈၆၂၀၇၇၈ တို့သို့ ပေးပို့နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသဖွံ့ဖြိုးရေးဌာန-မြန်မာနေ့ အခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၂၄

အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသဖွံ့ဖြိုးရေးဌာန-မြန်မာနေ့ (ICIMOD MYANMAR DAY) အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ဦးစီးရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံဧရိယာ၏ ၄၂ ရာခိုင်နှုန်းကျော်မှာ တောင်တန်းများဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၂၄ ရာခိုင်နှုန်းခန့်မှာ တောင်တန်းဒေသများ၌ နေထိုင်လျက်ရှိကြောင်း၊ တောင်တန်းဒေသများသည် သစ်တောများဖြင့် ဖုံးလွှမ်းလျက်တည်ရှိနေကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြစ်သည့် ရေဝေရေလဲဒေသများ ပျက်စီးလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများလျော့နည်း မျိုးသုဉ်းလာခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် ကမ္ဘာမြေပူနွေးလာခြင်းတို့ကို တားဆီးရာတွင် ဤတောင်တန်းဒေသများသည် လွန်စွာအရေးပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဖွံ့ဖြိုးရေးဌာန (ICIMOD)အဖွဲ့ကြီး၏ ဆောင်ရွက်သော လုပ်ငန်းများသည် တောင်တန်းဒေသနေပြည်သူများ၏ လူနေမှုဘဝနှင့် စားနပ်ရိက္ခာဖူလုံမှုရှိရေး တိုးမြှင့်ဆောင်ရွက်ရာတွင် စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းများ ရရှိလာမည်ဖြစ်ကြောင်း၊ ဤ (ICIMOD MYANMAR DAY) သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက် လိုအပ်သည့် ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်နှင့် အခွင့်အလမ်းများကို ဆွေးနွေးညှိနှိုင်းအဖြေရှာရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သဖြင့် လွန်စွာမှ တန်ဖိုးရှိလှကြောင်း၊ ICIMOD အဖွဲ့ကြီး၏ ရည်ရွယ်ချက်များသည် မြန်မာ့သစ်တောမူဝါဒ လက်တွေ့အကောင်အထည်ဖော်ခြင်းကို မလွဲမသွေအထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း။

ICIMOD MYANMAR DAY မတိုင်မီ သစ်တောဦးစီးဌာနနှင့် ICIMOD

အဖွဲ့ကြီးတို့ ပူးပေါင်း၍ ပထဝီသတင်းအချက်အလက်စနစ် အသုံးချခြင်း သင်တန်းကို ဇွန် ၂၀ ရက်မှ ၂၃ ရက်အထိ သစ်တောဦးစီးဌာန ဦးစီးရုံးချုပ်၌ ဖွင့်လှစ်ခဲ့ကြောင်း၊ ဤသင်တန်းမှ သင်ကြားသော အဝေးမှ စူးစမ်းလေ့လာခြင်းနှင့် ပထဝီသတင်းအချက်အလက်နည်းပညာ RS and GIS Technology သည် သစ်တောသယံဇာတများ အကဲဖြတ်ထိန်းသိမ်းခြင်းတွင် အရေးပါကြောင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား လျော့ကျခြင်းမှ ကာဗွန်ထုတ်လုပ်မှု လျော့ကျခြင်း (REDD) လုပ်ငန်းအတွက် ကာဗွန်အကဲဖြတ်ရာတွင်လည်း အထောက်အကူပြုလျက်ရှိကြောင်း၊ လက်ရှိပူးပေါင်းဆောင်ရွက်မှုများနှင့် ICIMOD အဖွဲ့ကြီး၏ ကာလတိုလုပ်ငန်းစီမံချက် ပူးပေါင်းဆောင်ရွက်မှုများသည် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ICIMOD အဖွဲ့မှတာဝန်ရှိသူများက ကျေးဇူးတင်စကားပြောကြားခဲ့ကြသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်ဦးအေးမြင့်မောင် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသဖွံ့ဖြိုးရေးဌာန - မြန်မာနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်သည် ဇွန် ၂၂ ရက်တွင် ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိပြီး အမှုဆောင်အရာရှိ ဦးခိုင်ကြည်သာလှက မြို့သာယာလှပရေး၊ မြို့ပြနှင့် ကျေးလက်လမ်း၊ တံတားနှင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးက လိုအပ်သည်များ မှာကြားပြီး ရတနာပုံ(၁)လမ်းနှင့် (၂)လမ်းတို့၌ ကတ္တရာခင်းရန် ကျောက်စုဆောင်းထားရှိမှု **(အောက်ပုံ)**နှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအနောက် အုတ်ရေမြောင်း ပြုလုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင်

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ပန်းတနော် ဇွန် ၂၄

ပန်းတနော်မြို့ အရှေ့ပိုင်းရပ်ကွက် ဗိုလ်ချုပ်လမ်းဘေး မြက်နှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် အရှေ့ပိုင်းရပ်ကွက် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးသိန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အနေးယာဉ်များလိုက်နာရန်

(၁) မော်တော်ယာဉ်များနည်းတူ သတ်မှတ်ထားသည့် လမ်းစည်းကမ်းများကို လိုက်နာရမည်။

(၂) လက်ယာဘက်ဘေးမှကပ်၍ သွားရမည်၊ ရင်ပေါင်တန်းမသွားရ။

(၃) စထွက်၊ ကျော်တက်၊ ကွေ့၊ လမ်းဖြတ်၊ ရပ်လိုလျှင် အန္တရာယ်ကင်း၊ မကင်းကြည့်ပြီး ကြိုတင်အချက်ပြရမည်။

(၄) ကုန်းဆင်းများတွင် အရှိန်ပြင်းစွာမဆင်းရ။

(၅) အန္တရာယ်ဖြစ်စေနိုင်လောက်သည့် ခရီးသည်၊ ပစ္စည်းများ မတင်ဆောင်ရ။

(၆) ဘေးကပ်ရပ်၍ ပစ္စည်း၊ ခရီးသည်အတင်အချပြုလုပ်ရမည်။

(၇) ညအချိန်သွားလာသည့်အခါ ရှေ့တွင် မီးများနှင့် နောက်တွင် ရောင်ပြန်ပြားအနီရှိရမည်။

(၈) လူသွားစင်္ကြံပေါ် မသွားလာရ။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့နေ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မြင့်မြင့်အားရည်စူး၍ ခင်ပွန်း ဦးမြတ်သင်းအောင်၊ သား ဦးဇော်မိုးခိုင်နှင့် ဇနီး ဒေါက်တာ ဒေါ်စောနေနွယ်မိသားစုက ကျောင်းကုန်းမြို့နယ်ရှိ ဆင်းရဲနွမ်းပါးသည့်ပြည်သူများ စျေးနှုန်းသက်သာစွာဖြင့် ဆေးဝါးကုသနိုင်ရန်အတွက် ထာဝရဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၁၀၀ ကို ဆေးရုံအုပ်ကြီး ဒေါက်တာရဲဝင်းထံ ဒေသခံမြို့မိမြို့ဖတစ်ဦးဖြစ်သော ဦးသန်းညွန့်ကတစ်ဆင့် ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယအကြိမ် မိုးရာသီ သစ်ပင် ၁၅၀၀ စိုက်ပျိုးပွဲနှင့် ငါးမျိုးကောင်ရေ ၄၅၀၀၀ မျိုး စိုက်ထည့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၁၁ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ရုံးပရဝဏ်၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်၍ ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။ ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် မြန်မာ့စီးပွားရေးဘဏ်မှ အရာထမ်း၊ အမှုထမ်းများက အရိပ်ရလေကာပင်များ၊ စားပင်၊ သီးပင်နှင့် နှစ်ရှည်ပင်များကို စိုက်ပျိုးကြသည်။

အလားတူ ဝန်ကြီးရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ပင်စင်ဦးစီးဌာနနှင့် အခွန်အယူခံခုံအဖွဲ့ရုံးတို့မှ အရာထမ်း၊ အမှုထမ်းများကလည်း သက်ဆိုင်ရာ ဌာနစိုက်ခင်းများ၌ အရိပ်ရလေကာပင်များ၊ စားပင်၊ သီးပင်နှင့် နှစ်ရှည်ပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပင်စင်ဦးစီးဌာန လျှိုပိတ်ဆည်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အောင်မင်္ဂလာဆည်၌ ကျင်းပသည့် ငါးမျိုးစိုက်ထည့်ပွဲများ၌ ဆည်များအတွင်း ငါးမျိုးများစိုက်ထည့်ပေးပြီး ဒုတိယဝန်ကြီး၊ ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများကလည်း ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၂၀၁၁ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားတွင် သစ်မွှေး၊ ပိတောက်၊ စိန်တလုံးသရက်၊ စိန်ပန်း၊ ရွှက်လှ၊ ကံ့ကော်၊ ခရေ၊ ရေတမာ၊ မဲဇလီပင် စုစုပေါင်းအပင် ၁၅၀၀ စိုက်ပျိုးခဲ့ပြီး ရွှေဝါငါးကြင်း၊ ငွေရောင်ငါးကြင်း၊ ငါးမြစ်ချင်း၊ တီလားပီးယားနှင့် ငါးခုံးမ စုစုပေါင်းကောင်ရေ ၄၅၀၀၀ ကို မျိုးစိုက်ထည့်ပေးကြကာ သစ်ပင်စိုက်ပျိုးပွဲကို မိုးရာသီ စိုက်ပျိုးရေးစီမံချက်အတိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရိုင်အင်ဂျင်နီယာမှူးများအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တွေ့ဆုံမှာကြား

နေပြည်တော် ဇွန် ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၂၂ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ခရိုင် ၆၈ ခရိုင်မှ ခရိုင်အင်ဂျင်နီယာမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးစိုးတင့်နှင့် ဦးကျော်လွင်တို့က လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားကြသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့် အင်ဂျင်နီယာ အတတ်ပညာပိုင်းဆိုင်ရာတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ခရိုင်အင်ဂျင်နီယာမှူးများက အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း/တံတားလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို တင်ပြကြသည်။ (သတင်းစဉ်)

တွေ့ဆုံမှာကြား

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်မြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ခရိုင် ၆၈ ခရိုင်မှ ခရိုင်အင်ဂျင်နီယာမှူးများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ၏ ပထမအကြိမ် အစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၂၄

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီ၏ လုပ်ငန်းစဉ်(၈)ရပ်တွင်ပါဝင်သော ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား မရနိုင်သေးသော ကျေးရွာများ၌ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာနိုင်မည်ဖြစ်သကဲ့သို့ တန်ဖိုးရှိသောအချိန်ကို ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသမီးရရှိရေးအတွက် ဒေသနှင့် လိုက်လျောညီထွေမှုရှိမည့် နည်းလမ်းများကို အသုံးပြုသွားရမည် ဖြစ်ကြောင်း၊ ကျေးလက်ဒေသ မီးလင်းရေးအတွက် နိုင်ငံတော်၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်း၊ သမဝါယမနှင့် ပုဂ္ဂလိကတို့၏အားဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် လာမည့်ငါးနှစ်တာကာလအတွင်း ဦးစားပေးအဆင့်အလိုက် ကျေးလက်ဒေသ မီးလင်းရေးအတွက် ဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆပ်ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က ကျေးရွာမီးလင်းရေးအတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် မြန်မာနိုင်ငံ၌ အသုံးပြုရန် သင့်လျော်သည့် နေရောင်ခြည် စွမ်းအင်သုံးစနစ်ကို လည်းကောင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်က ရေအားစွမ်းအင်သုံးစနစ်ဖြင့် ဆောင်ရွက်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးသာထွန်းဇံက ပေါက်ခေါင်းနှင့် ကွမ်းခြံကုန်းနယ်မြေအတွင်း နေရောင်ခြည်စွမ်းအင်အသုံးပြု၍ ဆောင်ရွက်ထားရှိမှုနှင့် ဇီဝဓာတ်ငွေ့ဖြင့် လုပ်ဆောင်ထားရှိမှုကို လည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစိုးစိုးအုံးက ဇီဝဓာတ်ငွေ့စနစ်ဖြင့် လျှပ်စစ်မီးရရှိရေး သုတေသနပြုမှုများနှင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာများမှ သင်ခန်းစာများကို လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယင်းလုပ်ငန်းစဉ်ကို အရှိန်အဟုန်ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်အကောင်အထည်ဖော်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားခဲ့သည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ကျပ် ၉၁ သန်းကျော် ထောက်ပံ့ပေးအပ်ခြင်းနှင့် ၂၀၁၀-၂၀၁၁ ခုနှစ် ပညာရည်ချွန်ဆုပေး

နေပြည်တော် ဇွန် ၂၄

၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် စွမ်းအင်ဝန်ကြီးဌာနရှိ ပညာသင်ကြားဆဲ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ၂၀၁၀-၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ပညာရည်ချွန်ဆုရ ဝန်ထမ်းသားသမီးများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ထူးချွန်ဆုရ ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ ဆုရကျောင်းသား၊ ကျောင်းသူများ၊ ၎င်းတို့၏ မိဘများနှင့် ထူးချွန်ဆုရ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး စွမ်းအင်ဝန်ကြီးဌာနရှိ ဝန်ထမ်းသားသမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးများကို လုပ်ငန်းဌာနများအလိုက် ဌာနဆိုင်ရာ အကြီးအကဲများထံ ပေးအပ်သည်။

ထို့နောက် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၄ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၂၉ ဦးနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သောသင်တန်းများ၌ ထူးချွန်ဆုရ ဝန်ထမ်း လေးဦးတို့အား ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ဝေယံသက်ပိုင်က ကျေးဇူးတင်စကား ပြောကြားသည်။ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပညာသင်ထောက်ပံ့ကြေးများကို နှစ်စဉ် ပေးအပ်လျက်ရှိရာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးငွေ ကျပ် ၉၁ သန်းကျော်ကို ထောက်ပံ့ပေးခဲ့သည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ပညာရည်ချွန်ဆုပေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် ဒေသခံပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၂၄

မွန်ပြည်နယ် မော်လမြိုင်မြို့ ဝေါလေမြို့နယ် ရွှေအေးမြိုင်ကျေးရွာနေ ကရင်လူမျိုး ဦးလှစိန် အသက်(၇၅)နှစ်သည် ဇွန် ၂၃ ရက် နံနက် ၁၀ နာရီခန့်တွင် တောင်ယာလုပ်ကိုင်ရန် ရွာမှထွက်လာစဉ် ရွာ၏အရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာရှိ လမ်းဆုံတစ်နေရာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် ညာခြေချင်းဝတ်အထက်မှ ပြတ်ဒဏ်ရာ ရရှိခဲ့သည်။

အဆိုပါ ဒဏ်ရာရလူနာအား နယ်မြေခံတပ်မှ တာဝန်ရှိသူများက ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

အိန္ဒိယနှင့် ပါကစ္စတန် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပ

အစ္စလာမ္မာဘတ် ဇွန် ၂၄

ကာလကြာမြင့်စွာ အငြင်းပွားလျက်ရှိသည့် ကက်ရှ်မီးယားပြဿနာကို ဖြေရှင်းရန် ရည်ရွယ်၍ အိန္ဒိယနှင့် ပါကစ္စတန် တာဝန်ရှိသူများအကြား နှစ်ရက်ကြာဆွေးနွေးပွဲကို ကြာသပတေးနေ့တွင် စတင်ခဲ့သည်။

ဤဆွေးနွေးပွဲသည် အပြုသဘောဆောင်၍ ရှေ့ဆက်နိုင်မည်ဟု မျှော်လင့်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်ကို အေအက်ဖ်ပီက ကိုးကားဖော်ပြသည်။ ယခုကျင်းပသော ဆွေးနွေးပွဲသည် နောက်လအတွင်း ကျင်းပနိုင်ဖွယ်ရှိသည့် ဝန်ကြီးအဆင့် ဆွေးနွေးပွဲအတွက် လမ်းဖွင့်ပေးမည်ဟုလည်း မျှော်လင့်ရသည်။

အိန္ဒိယနှင့် ပါကစ္စတန်တာဝန်ရှိသူများ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြန်လည်စတင်

၂၀၀၈ ခုနှစ် မွမ်ဘိုင်းတိုက်ခိုက်မှုဖြစ်ခဲ့ပြီးနောက်ရပ်ဆိုင်းနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြန်လည်စတင်ရန် နယူးဒေလီနှင့် အစ္စလာမ္မာဘတ်တို့က ကြိုးစားလျက်ရှိသည်။

ကက်ရှ်မီးယားဒေသသည် ပါကစ္စတန်နှင့် အိန္ဒိယနှစ်နိုင်ငံအကြား နှစ်ပိုင်းကွဲလျက်ရှိနေပြီး နှစ်နိုင်ငံလုံးက ထိုဒေသကို အသီးသီး ပိုင်ဆိုင်ကြကြောင်း ပြောကြားခဲ့သည်။

၁၉၄၇ ခုနှစ် ဗြိတိန်နိုင်ငံ၏ လက်အောက်မှ လွတ်လပ်ရေးရရှိပြီးကတည်းက အိန္ဒိယနှင့် ပါကစ္စတန်သည် သုံးကြိမ်စစ်ပွဲဖြစ်ပွားခဲ့သည်။

အင်တာနက်။

ဖိလစ်ပိုင်၌ အပူပိုင်းမုန်တိုင်းတိုက်ခတ် ပြည်သူ ၅၀၀၀၀ခန့် ဘေးကင်းရာ၌ခိုလှုံ

မနီလာ ဇွန် ၂၄

မာရီဟုအမည်ပေးထားသော အပူပိုင်းမုန်တိုင်းကြောင့် ဖိလစ်ပိုင်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ ပြည်သူ ၅၀၀၀၀ခန့်မှာ ဘေးကင်းလုံခြုံရာစခန်းများတွင် ခိုလှုံနေကြရကြောင်း တာဝန်ရှိသူများက ဇွန် ၂၄ ရက်တွင် ပြောကြားသည်။

မုန်တိုင်းနှင့်အတူ မုတ်သုံမိုး သည်းထန်စွာရွာသွန်းခဲ့ရာ မြို့တော်မနီလာတစ်မြို့တည်းမှာပင် ပြည်သူ ၃၂၀၀ခန့်မှာ ၎င်းတို့၏ နေအိမ်များကို စွန့်ခွာ၍ ကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံနေခဲ့ကြရသည်။ ဒေသခံပြည်သူများ အရေးပေါ်အသုံးပြုနိုင်ရန် ရော်ဘာလှေများကိုဖြန့်ဝေပေးခဲ့ကြောင်း၊ သို့ရာတွင် မနီလာမြို့ အရှေ့တောင်ဘက်ရှိ ဖွံ့ဖြိုးမှုနည်းပါးသော ဘိုင်ကိုးလ်ကျွန်းဆွယ်ဒေသ၌ လူ၁၁ဦးပျောက်ဆုံးနေကြောင်း၊ ပျောက်ဆုံးနေသူများမှာ ရေလုပ်သား ၁၀ဦးနှင့် အမျိုးသမီးတစ်ဦးတို့ဖြစ်ကြကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် စီမံခန့်ခွဲမှုကော်မတီ အမှုဆောင်ညွှန်ကြားရေးမှူး ဘန်နီတိုရာမို့စ်က ပြောကြားသည်။ အဆိုပါရေလုပ်သားများသည် မုန်တိုင်းမတိုက်ခတ်မီ ကာတန်ဒူရန်ကျွန်းမှ ပင်လယ်ပြင်သို့ ထွက်ခွာသွားခဲ့ကြကြောင်း၊ အမျိုးသမီးတစ်ဦးမှာမူ ရေစီးဖြင့်မျောပါသွားခဲ့ကြောင်း ၎င်းကပြောကြားသည်။

အင်တာနက်။

ကင်ညာနိုင်ငံ ကင်ယန်ရေကန်ဒေသတွင် နေထိုင်ကျက်စားသော ကြိုးကြာငှက်များကို မြင်တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သြစတြေးလျ၊ ကင်ညာနှင့် ဂျပန်တို့မှဒေသများ ကမ္ဘာ့အမွေအနှစ်အဖြစ် ယူနက်စကို စာရင်းသွင်း

ပါရီ ဇွန် ၂၄

သြစတြေးလျနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကင်ညာနိုင်ငံများသည် သဘာဝအလှမြင်ကွင်းများ တည်ရှိသည့်နေရာများနှင့် သားရိုင်းတိရစ္ဆာန်များ ကျက်စားရာနေရာများကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ကြီး(ယူနက်စကို)က ကမ္ဘာ့အမွေအနှစ်များ စာရင်းသို့ ထည့်သွင်းခဲ့ကြောင်း ဇွန် ၂၃ ရက် သတင်းများတွင် ဖော်ပြသည်။

သြစတြေးလျနိုင်ငံအနောက်ပိုင်း နင်ဂါလိုကမ်းရိုးတန်းဒေသ၊ ဂျပန်နိုင်ငံ မိုဂါဆာဝါရကျွန်းစုနှင့် ကင်ညာနိုင်ငံ၏ ကင်ယန်ရေကန်ဒေသတို့ကို ကမ္ဘာ့အမွေအနှစ်များအဖြစ် စာရင်းသွင်းခဲ့ကြောင်း ယူနက်စကိုအဖွဲ့ကြီးက ကြေညာခဲ့သည်။

အကျယ်အဝန်း ဟတ်တာ ၃၂၀၀၀ ကျယ်ဝန်းသည့် ကင်ယန်ရေကန်ဒေသသည် ကြွံသတ္တဝါကြီးများ၊ မြင်းကျားများနှင့် ခြင်္သေ့များ ကျက်စားနေထိုင်ရာဒေသဖြစ်သည်။ ယင်းအပြင် ကင်ယန်ဒေသသည် မျိုးသုဉ်းမည့်အန္တရာယ်နှင့် ကြုံနေရပြီဖြစ်သော ကြိုးကြာငှက်များ ကျက်စားရာ ဒေသတစ်ခုဖြစ်ပြီး ပလီကင်ငှက်များ သားပေါက်ရာနေရာလည်းဖြစ်သည်။

သြစတြေးလျအနောက်ပိုင်း နင်ဂါလိုကမ်းရိုးတန်းသည် သန္တာကျောက်တန်းများနှင့် ပင်လယ်လိပ်များ ကျက်စားရာဒေသဖြစ်ပြီး ဝေလငါးဖြူကြီးများ နှစ်စဉ်လာရောက်ရာ မြင်ကွင်းလှသောဒေသဖြစ်သည်။

ဂျပန်နိုင်ငံရှိ မိုဂါဆာဝါရကျွန်းစုသည် ပစိဖိတ်သမုဒ္ဒရာအတွင်း တည်ရှိပြီး အင်္ဂလိပ်ဘာသာအားဖြင့် ဘိုနင်းကျွန်းစုဟု လူသိများပြီး ဂျပန်ကုန်းမကြီး၏ အရှေ့တောင်ဘက်တွင် တည်ရှိကာ သတ္တဝါမျိုးစိတ်အများအပြားနှင့် ရုက္ခမျိုးစိတ် ရာပေါင်းများစွာရှိရာဒေသဖြစ်သည်။

အင်တာနက်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၆-၂၀၁၁ (စနေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်အကြောင်း ရှင်းပြပုံ ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိပြုတ်" တရားတော် (မုံလယ်တောရ ဆရာတော်ဘဒ္ဒန္တသံဝရ)
၆း၄၀	ဆုပန်ရည်စူးအရောက်ဖူး. . . မြတ်ဘုရားဖောင်တော်ဦး
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၄၅)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၀၃)**
၈း၅၀	ဘဘဗိုလ်ကလေးတင့်အောင်၏ (၈၉)နှစ်မြောက်မွေးနေ့မင်္ဂလာ
၉း၀၅	ရခိုင်ပြည်နယ်သံတွဲမြို့ ရွှေနံတော်စေတီရင်ပြင်တော်တွင် တည်ထားပူဇော်မည့် မဟာအတုလသကျမုနိရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး
၉း၃၀	Global Panorama
၁၀း၀၀	စိတ်ကူးအိပ်မက် အနာဂတ်အတွက် "YIUS"
၁၀း၂၀	မြန်မာ့အလင်း ဦးတင် အထိမ်းအမှတ်"နှင်းဆီမြိုင်ဂေဟာ"
၁၀း၃၀	သွားမယ်စားမယ်
၁၀း၅၅	ရန်ကုန်မြင်ကွင်းကျယ်
၁၁း၁၅	MNL Preview
၁၁း၄၅	ရန်ကုန်မြင်ကွင်းကျယ်
၁၂း၁၀	ပန်းချီပြခန်း
၁၂း၂၀	ရန်ကုန်မြင်ကွင်းကျယ်
၁၂း၄၀	ဖန်ခါးမြေမှရတနာ
၁း၀၀	"ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်အကြောင်း ရှင်းပြပုံ ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိပြုတ်" တရားတော် (မုံလယ်တောရ ဆရာတော်ဘဒ္ဒန္တသံဝရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Goals of The Week
၂း၅၅	လွယ်ကူသက်သာစားစရာ "ဆီးသီးယိုနှင့် သရက်အကြွပ်ယို ပြုလုပ်နည်း"
၃း၁၀	ရွှေဈေးကွက်နှင့် ရွှေဝယ်လမ်းညွှန်
၃း၃၀	မလေးရှားနိုင်ငံမှ Mahkota Medical Centre
၄း၀၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၀၃)**
၅း၀၀	Eushido နှင့် သူ၏ချစ်သူများ
၅း၂၀	Movie Talk
၅း၃၅	ဂဏန်းသင်္ချာပျော်စရာ
၆း၀၀	MRTV-4 သတင်း
၆း၂၀	ရန်ကုန်မြင်ကွင်းကျယ်
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၄၆)**
၇း၄၀	ဖက်ရှင်လမ်းညွှန်
၈း၀၀	MRTV-4 သတင်း
၈း၃၀	မြန်မာဂေါက်သီးရိုက်အသင်း
၈း၄၅	Kid's Show
၉း၁၅	VJ Choice
၉း၃၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **"အနားမညီအချစ်" (အပိုင်း-၁၀၄)**
၁၀း၂၀	ပရိမီယာလိဂ်ရင်ခုန်သံ
၁၀း၄၅	မိသားစုများစိတ်ချမ်းမြေ့စေဖို့ "မိုးပုလဲ"မှာဝယ်ကြစို့
၁၁း၀၀	အများမြင်စရာ နှစ်ပါးသဘင်မဟာ
၁၁း၄၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ
၁၁း၅၅	World of Knowledge
၁၂း၄၅	စကားဝါမြေ၏ အိုအေစစ်
၁း၀၅	သန့်ရှင်းကျန်းမာသော . . . အာဟာရပြည့်မှုများနှင့်အတူ
၁း၃၅	Shooting Location
၁း၅၅	ကိုယ်ပိုင်ဟန်ဖက်ရှင်
၂း၂၀	အိုက်ကီဒိုနှင့်သမီးပျို
၂း၄၀	လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
၃း၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၀၀	လက်မှုပညာ၏ ဆန်းသစ်သော ဖန်တီးမှုနှင့် . . .
၄း၁၅	ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
၄း၂၅	ငွေဆောင်ခရီးစဉ်မှသည် ဘဝအတွက်ခွန်အားသစ်များ မွေးဖွားခြင်း

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံနှင့် ပြင်ဦးလွင်မြို့နယ်တို့၌ ပေါက်ကွဲမှုများဖြစ်ပွား၊ သုံးဦးဒဏ်ရာရရှိ တရားခံများ ဖမ်းဆီးရမိရေးအတွက် စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိ

နေပြည်တော် ဇွန် ၂၄

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့၌ ယနေ့နံနက်ပိုင်းတွင် ပေါက်ကွဲမှုများဖြစ်ပွားခဲ့ရာ နေအိမ်နှစ်လုံးနှင့် မော်တော်ယာဉ်တစ်စီး ပျက်စီးခဲ့ပြီး သုံးဦးဒဏ်ရာရရှိကြောင်း သိရှိရသည်။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်ရှိ လူနေထိုင်ခြင်းမရှိသည့် နေအိမ်တစ်လုံး၌ နံနက် ၁၁ နာရီ ၅၅ မိနစ်က ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ ပေါက်ကွဲမှုကြောင့် နေအိမ်အမိုးများပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ အလားတူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ချမ်းအေးသာစံ အလယ်ရပ်ကွက် (၈၄)လမ်းနှင့် (၂၇×၂၈)လမ်းအကြား ဈေးချိုတိုက်တန်းရှေ့တွင် ရပ်ထားသည့် SURF အပြာရောင်ကား (လိုင်စင်မဲ့ယာဉ်)၌ နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ပေါက်ကွဲမှုကြောင့် အဆိုပါယာဉ်၏ နောက်ပိုင်းနှင့် ကိုယ်ထည်တို့ ပျက်စီးခဲ့ပြီး ပေါက်ကွဲစဉ် ကားအနီးရှိလူသုံးဦး ဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့ကြောင်း၊ ထို့အတူ ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၃)ရှိ လူနေထိုင်ခြင်းမရှိသည့် နေအိမ်တစ်လုံး၌ နံနက် ၁၁ နာရီ ၅၅ မိနစ်ခန့်က ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ ပေါက်ကွဲမှုကြောင့် နေအိမ်မှာ အနည်းငယ်ပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားရာ နေရာများသို့ သက်ဆိုင်ရာတာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးကာ တရားခံများအား အမြန်ဖမ်းဆီးရမိရေးအတွက် စုံစမ်းစစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းနှင့် ချမ်းအေးသာစံမြို့နယ်မှ ဒဏ်ရာရ လူနာသုံးဦးအား လိုအပ်သည့်ဆေးဝါးကုသမှုများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ပြည်သူများ အထိတ်တလန့် ဖြစ်စေရန်နှင့် ရရှိထားပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းသွားစေရန် ရည်ရွယ်လျက် ဖောက်ခွဲဖျက်ဆီးမှုများကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လူစည်ကားရာ အတွင်းပိုင်းနေရာများအထိ ဖောက်ခွဲဖျက်ဆီးနိုင်ရေးအတွက် ဖောက်ခွဲဖျက်ဆီးရေးသမားများကို ငွေကြေးပမာဏ မက်လုံးပေး၍ ဖြားယောင်းစည်းရုံးသိမ်းသွင်းပြီး စေခိုင်းလျက်ရှိကြောင်း၊ ယခင်ပေါက်ကွဲမှု ဖြစ်စဉ်များ၌ တရားခံများအား တာဝန်သိပြည်သူများနှင့် တာဝန်ရှိသူများ ပူးပေါင်းဖမ်းဆီးရမိခဲ့သည့် အစဉ်အလာအတိုင်း ယနေ့ဖြစ်စဉ်များ၌လည်း တာဝန်သိပြည်သူများအနေဖြင့် မသင်္ကာသူတွေ့ရှိပါက အမြန်ချက်ချင်း ဆက်သွယ် သတင်းပေးပို့ကြပါရန်နှင့် လုံခြုံရေးသတိ အစဉ်ထားရှိကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကတ္တရာခင်းခြင်း ဆောင်ရွက်

လားရှိုး ဇွန် ၂၄

လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၅၀၀ ဘုရားလမ်းကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်းက ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးဝင်းမင်းလတ်က ရှင်းလင်းတင်ပြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မိမိတို့လွှတ်တော်များသည် ပြည်သူ၏ ဝေဖန်စိစစ်မှု၊ နိုင်ငံတကာ၏ စောင့်ကြည့်စစ်ဆေးအကဲဖြတ်မှုကို လက်ခံနိုင်ရမည်ဖြစ် ပြည်သူများသည် ငြိမ်းချမ်းရေးကို မြတ်နိုးလေးစားတန်ဖိုးထားပြီး ငြိမ်းချမ်းရေးကို တည်ဆောက်လို

ပြည်သူ့ကိုယ်စားလှယ်များဖြစ်သော ကျွန်ုပ်တို့၏ လွှတ်တော်များသည်လည်း ငြိမ်းချမ်းရေးအတွက် တံခါးဖွင့်ထား၍ ငြိမ်းချမ်းရေးကို တည်ဆောက်သွားကြရမည်ဖြစ်

○ ရွှေ့ဖုံးမှ

ဖွဲ့စည်းထားရှိသောအသင်းဖြစ်ပြီး အသင်းဝင်များသည် ပညာရေးအားဖြင့် လည်းကောင်း၊ စီးပွားရေးအားဖြင့် လည်းကောင်း ထူးချွန်ထက်မြက်သည်ဟု ဆိုနိုင်သောသူများဖြစ်ကြောင်း၊ လူမှုစီးပွားရေးကိစ္စနယ်ပယ်များတွင် လည်းကောင်း၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးရာတွင် လည်းကောင်း ထိစပ်နေပြီး သြဇာရှိသော ပုဂ္ဂိုလ်များဖြစ်သကဲ့သို့ သတင်းနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များကလည်း စတုတ္ထ မဏ္ဍိုင်နေရာမှာရှိနေခြင်းကြောင့် မိမိတို့၏ ဆောင်ရွက်နေမှုများကို စဉ်းစားသုံးသပ်ပြီး ဆောင်ရွက်နိုင်စွမ်းရှိသည့် သြဇာရှိသူများဖြစ်၍ အထူးတလည် ဖိတ်ကြားထားခြင်း ဖြစ်ကြောင်း။

မိမိတို့ကို မေးထားသည့် အမေးသုံးခုရှိကြောင်း၊ နံပါတ်တစ်မေးခွန်းမှာ ပြီးခဲ့သည့် ပထမအကြိမ် ပုံမှန်လွှတ်တော်အစည်းအဝေးများတွင် လွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်များ ဘာလုပ်ခဲ့သလဲဆိုသည့် မေးခွန်းဖြစ်ကြောင်း။

ရွေးချယ်ဖွဲ့စည်း

၎င်းမေးခွန်း၏အဖြေမှာ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်မှ မတ် ၃၀ ရက်အထိ ပြုလုပ်သော လွှတ်တော်များ ပထမအကြိမ် ပုံမှန်အစည်းအဝေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူပေးခဲ့သည့် အစည်းအဝေး ဖြစ်ကြောင်း၊ ၎င်းအစည်းအဝေးတွင် လွှတ်တော်ဖွဲ့စည်းခြင်း၊ အမြဲတမ်းကော်မတီများ ဖွဲ့စည်းခြင်း၊ ပူးပေါင်းကော်မတီများ ဖွဲ့စည်းခြင်းများကို ပြုလုပ်နိုင်ခဲ့ကြောင်း၊ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေး ကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီတို့ကို ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း။

လွှတ်တော်များမှ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ ရွေးချယ်ခြင်း၊ ဒုတိယသမ္မတများ ရွေးချယ်ခြင်းနှင့် သမ္မတရွေးချယ်ခြင်းတို့ကို ဆောင်ရွက် ခဲ့ကြောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ဝန်ကြီးဌာန (၃၄) ခုနှင့် ဝန်ကြီးဦးရေ (၃၀) တို့အားလည်းကောင်း၊ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၈)ဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၆)ဦး၊ ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး (၆)ဦး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့အား ရွေးချယ် တင်မြှောက်ခဲ့ကြောင်း။

ပထမအကြိမ် ပုံမှန်အစည်းအဝေးတွင် ကိုယ်စားလှယ်များ၏ မေးခွန်း(၁၀၆) ခုနှင့် အဆို(၄၃)ခုတို့အား တင်သွင်းမေးမြန်းခဲ့ရာ မေးခွန်း(၁၀၆)ခုကို ဖြေကြားခဲ့ပြီး အဆို (၄၃)ခုတို့အား ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ချက် ချမှတ်နိုင်ခဲ့ကြောင်း။

၎င်းမျှသာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကိုယ်စားလှယ်များနှင့် လွှတ်တော် အနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ လုပ်ဆောင်ရန် များစွာ ကျန်ရှိနေပါသေးတယ်ဟု ဆိုရမှာဖြစ်ကြောင်း၊ အမှန်မှာ ပြည်သူများသည် အချုပ်အခြာအာဏာကို ပိုင်သည့် မူလပိုင်ရှင်များဖြစ်ကြောင်း၊ ပြည်သူများက ရွေးချယ်ပေးလိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ လွှတ်တော် အသီးသီးကို ရောက်ရှိခဲ့ကြကြောင်း၊ လွှတ်တော်များဖွဲ့စည်းခြင်း၊ လွှတ်တော် ကော်မတီများ ဖွဲ့စည်းခြင်း၊ လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များက သမ္မတ ကို ရွေးချယ်ပေးခြင်း၊ သမ္မတက အစိုးရအဖွဲ့၊ တရားရေးဆိုင်ရာအဖွဲ့များနှင့် အခြား ပြည်ထောင်စုအဖွဲ့အစည်းများကို ရွေးချယ်ပေးပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုဖွဲ့စည်းဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း။

ပြဋ္ဌာန်းထား

ထို့ကြောင့် လွှတ်တော်သည် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် အတွက် ပြည်သူများ၏ အာဏာအုပ်စိုးမှုသည် လွှတ်တော်မှာရှိနေသည်ဟု သဘော ပေါက်ရမှာဖြစ်ကြောင်း၊ အစိုးရအဖွဲ့နှင့် တရားရေးအဖွဲ့များကို လွှတ်တော်က အာဏာခွဲဝေ၊ လွှဲအပ်ပြီးသည့်နောက်တွင်လည်း ပြည်ထောင်စုလွှတ်တော်က အခါ အားလျော်စွာချမှတ်သည့် အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ပြည်ထောင်စု အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂၈ တွင် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရကြောင်း။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် အခမ်းအနား သို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မေးခွန်းနံပါတ်(၂)မှာ လွှတ်တော်၊ လွှတ်တော်ကော်မတီများနှင့် လွှတ်တော် ကိုယ်စားလှယ်များ ဘာလုပ်နေကြသနည်းဆိုသည့် မေးခွန်းပဲဖြစ်ကြောင်း။

၎င်းမေးခွန်းကိုဖြေရလျှင် လွှတ်တော်ကို အရည်အချင်းရှိပြီး ခိုင်မာတောင့်တင်း ရန်နှင့် ခိုင်မြဲရန်လုပ်နေသည်ဟု ဖြေရမှာဖြစ်ကြောင်း၊ လွှတ်တော်တွင် အဓိက တာဝန်ကြီး(၂)ရပ်ရှိကြောင်း၊ ယင်းတို့မှာ-

(က) ဥပဒေပြုရေးတာဝန်။

(ခ) လွှတ်တော်၊ အစိုးရအဖွဲ့၊ တရားရေးအဖွဲ့တို့ အပြန်အလှန် ထိန်းကျောင်းမှု Reciprocal Control of Check and Balance လုပ်နေရေးပင် ဖြစ်ကြောင်း။

၎င်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် လွှတ်တော်များတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးသဖြင့် လွှတ်တော်ကော်မတီများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် Capicity Building ပြုလုပ်နေကြောင်း၊ စွမ်းဆောင်ရည်မြှင့်တင်သည့်နေရာတွင် လွှတ်တော်များက အဓိကထမ်းဆောင်ရ မည့် တာဝန်များအတွက် ဥပဒေပြုရေးတာဝန် ထမ်းဆောင်နိုင်ရန် ဥပဒေပညာ ရှင်များမဟုတ်သော်လည်း မိမိတို့၏ အတွေ့အကြုံ ဗဟုသုတ၊ ဉာဏ်အမြော်အမြင် နှင့် ဆင်ခြင်တုံတရားများဖြင့် နိုင်ငံရေး၊ နိုင်ငံ့အရေး စိတ်စေတနာ Political will ဖြင့် ဥပဒေပြုရေး တာဝန်ထမ်းဆောင်နိုင်ရေးအတွက် လွှတ်တော်တွင် လွှတ်တော်ကော်မတီ(၄)ရပ်မှ ကော်မတီဝင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များမှ လွှတ်တော်ဥက္ကဋ္ဌများကို ခေါ်ယူ၍-

(က) မိမိကိုယ်တိုင်လေ့လာခြင်း Self Study၊

(ခ) အချင်းချင်းဆွေးနွေးခြင်း Discussion၊

(ဂ) အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်းနှင့်

(ဃ) အခြားနိုင်ငံများရှိ လွှတ်တော်များနှင့် အပြန်အလှန်လည်ပတ်ခြင်းနှင့် ဆွေးနွေးခြင်းများ ပြုလုပ်လျက်ရှိကြောင်း။

ထိုသို့ လေ့လာ၊ ဆွေးနွေး၊ ညှိနှိုင်းတိုင်ပင်ရာတွင်လည်း မိမိတို့လွှတ်တော်နှင့် အမြဲတမ်းကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရမည်ဆိုရာ၌ တည်ဆဲဥပဒေများအား ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဥပဒေသစ်များ ပြဋ္ဌာန်းခြင်း တို့ ပါဝင်ရမှာဖြစ်ကြောင်း၊ ထို့ကြောင့် တည်ဆဲဥပဒေများအား ပြန်လည်သုံးသပ်၍ မည်သည့်ဥပဒေတွင် မည်သည့်အပိုင်းကို ဖျက်သိမ်းရမည်(သို့မဟုတ်) ပြင်ဆင်ရ မည်နှင့် အသစ်ပြဋ္ဌာန်းရမည်ကို လေ့လာစိစစ်စေလျက်ရှိကြောင်း။

ဥပဒေတစ်ရပ်အား လေ့လာသုံးသပ်ရာတွင်လည်း-

(က) ပြည်သူ့အကျိုးစီးပွားအား ကာကွယ်စောင့်ရှောက်နိုင်မှု ရှိ/မရှိ။

(ခ) နိုင်ငံတော်အကျိုးစီးပွားအား ကာကွယ်စောင့်ရှောက်နိုင်မှု ရှိ/မရှိ။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ/မရှိ။

(ဃ) လက်တွေ့ဆောင်ရွက်နိုင်မှု ရှိ/မရှိ။

(င) အပြည်ပြည်ဆိုင်ရာဥပဒေ၊ မိမိတို့နိုင်ငံက လက်ခံကျင့်သုံးနေသော Convention များ၊ Treaty များနှင့် ညီညွတ်ခြင်း ရှိ/မရှိ သုံးသပ်ပြီးမှ ဥပဒေပြုခြင်းအလုပ်ကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း။

ဥပဒေကြမ်းရေးဆွဲနိုင်လျှင် ဥပဒေကြမ်းရေးဆွဲတင်ပြရန် လွှတ်တော် ကိုယ်စားလှယ်များက ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဥပဒေကြမ်း မပြုနိုင်လျှင်၊ မပြုတတ်လျှင် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဌာနများက ဥပဒေကြမ်းပြုရေး အဆိုများ တင်သွင်းရမှာဖြစ်ကြောင်း။

ထိုနည်းတူစွာ တာဝန်ရှိသူများ၊ ဌာနများမှ ဥပဒေကြမ်းများ တင်ပြလာလျှင် လွှတ်တော်များတွင်ဆွေးနွေးပြီး ဥပဒေကြမ်းဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်ရမှာ ဖြစ်ကြောင်း။

ဥပဒေအဖြစ်တည်ရှိ

ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်(သို့မဟုတ်) ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ဆွေးနွေးချက်ကို အခြားလွှတ်တော်သို့ ပေးပို့ဆွေးနွေးသည့်အခါ ထိုလွှတ်တော်က သဘောတူလျှင် ပြည်ထောင်စုလွှတ်တော်က သဘောတူညီသည်ဟု မှတ်ယူရမှာဖြစ်ကြောင်း၊ ယင်းဥပဒေကြမ်းအား လက်မှတ်ရေးထိုး ထုတ်ပြန်ရန် သမ္မတထံ ပေးပို့ရမည်ဖြစ်ကြောင်း၊ သမ္မတက မှတ်ချက်ပြုပြီး ပြန်လည်ပေးပို့ပါက လွှတ်တော်က လက်ခံပြင်ဆင်လျှင်သော်လည်းကောင်း၊ မပြင်လျှင် သော်လည်း ကောင်း (၁၄)ရက်တွင် ဥပဒေအဖြစ်တည်ရှိမှာ ဖြစ်ကြောင်း။

ဥပဒေပြုရန်မှာ လွှတ်တော်များတွင် တာဝန်ရှိသည်ဆိုသော်လည်း ဥပဒေများ ကို ကျင့်သုံးဆောင်ရွက်နေကြသော အစိုးရအဖွဲ့များနှင့် သက်ဆိုင်ရာဌာနများ မှာလည်း ဥပဒေကြမ်းတင်သွင်းရန် တာဝန်ရှိသကဲ့သို့ ပြည်သူ့ကိုယ်စားလှယ်များ ကလည်း ဥပဒေကြမ်းကို တင်သွင်းရမည်ဖြစ်ကြောင်း။

မိမိတို့လွှတ်တော်များ စတင်ဖွဲ့စည်းဆောင်ရွက်စဉ်က ယနေ့အထိ လွှတ်တော်ကိုယ်စားလှယ်အသီးသီး ထားရှိရမည့်သဘောထားများမှာ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲများထားရှိခြင်းမရှိဘဲ ပြည်သူ့အတွက်၊ နိုင်ငံအတွက်၊ ပြည်ထောင်စုအတွက်၊ ပြည်သူ့အကျိုးစီးပွား၊ နိုင်ငံ့အကျိုးစီးပွား၊ ပြည်ထောင်စုအကျိုးစီးပွားအတွက် တစ်စိတ်တစ်ဝမ်းတည်း ဆောင်ရွက်ကြရေး သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်လျက်ရှိ။

ထိုသို့တင်သွင်းလာလျှင် ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင် တင်သွင်းသည့် ဥပဒေကြမ်းကို လွှတ်တော်(၂)ရပ်လုံးက အတည်ပြုလျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း။

ဥပဒေဟုဆိုရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ၊ လက်စွဲ Manual များ ပါဝင်နိုင်ကြောင်း။

ပြည်ထောင်စုလွှတ်တော်သည် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့သည့်အခါ-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်ကြောင်း၊

(ခ) သက်ဆိုင်ရာအဖွဲ့အစည်း(သို့မဟုတ်) အာဏာပိုင်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ၊ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်ကြောင်း။

ထိုသို့ထုတ်ပြန်ကြရာတွင် သက်ဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ ညီညွတ်မှုရှိရန် လိုအပ်ကြောင်း။

ဥပဒေများဆိုရာတွင်လည်း-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေ။

(ခ) လွှတ်တော်ဥပဒေနှင့် နည်းဥပဒေများ။

(ဂ) အခြားတည်ဆဲဥပဒေများ။

(ဃ) မိမိတို့နိုင်ငံက လက်ခံကျင့်သုံးလျက်ရှိသော Convention များနှင့် Treaty များ ပါဝင်ကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များသည်လည်း မိမိတို့နှင့် သက်ဆိုင်သည့် လွှတ်တော်မဲဆန္ဒနယ်အသီးသီးသို့ သွားရောက်၍ ပထမအကြိမ် လွှတ်တော်ပုံမှန်အစည်းအဝေးဆောင်ရွက်ချက်များကို ပြန်လည်ရှင်းလင်းတင်ပြခြင်းများ ပြုလုပ်နေကြသကဲ့သို့ သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးရှိ ပြည်သူများ၏အသံ၊ ပြည်သူများ၏ဆန္ဒ၊ သဘောထားများကိုမြင်အောင်ကြည့်၊ ကြားအောင် နားထောင်ပြီး သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌများထံတင်ပြခြင်း၊ သက်ဆိုင်ရာနယ်မြေဒေသအတွင်းရှိ သက်ဆိုင်ရာဌာနများအား အကြောင်းကြားညှိနှိုင်းဆောင်ရွက်ခြင်းများ ပြုလုပ်နေကြကြောင်း၊ ပြုလုပ်နေကြရမည်လည်းဖြစ်ကြောင်း။

သက်ဆိုင်သူများနှင့်ညှိနှိုင်း

အလျဉ်းသင့်၍ ရက်ပိုင်းအတွင်းက ဖြစ်ပျက်ခဲ့သည့် ကချင်ပြည်နယ်အတွင်း အခြေအနေကိုတင်ပြလိုကြောင်း၊ တပ်မတော်နှင့် KIA တို့အကြား ပစ်ခတ်မှုများရှိခဲ့၍ နယ်မြေအတွင်း ပြည်သူလူထုသည် ကြောက်ရွံ့စိုးရိမ်မှုများဖြစ်ခဲ့သကဲ့သို့ နိုင်ငံအတွင်းတွင်လည်း စိုးရိမ်ကြောင့်ကြစရာများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုအချိန်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဦးသိန်းဇော်သည် မြစ်ကြီးနားမြို့သို့ ရောက်ရှိနေ၍ သက်ဆိုင်သူများနှင့်ညှိနှိုင်းပြီး ပစ်ခတ်မှုများ ဆက်လက်မဖြစ်ပွားရေးအတွက် ဆောင်ရွက်နိုင်ခဲ့သဖြင့် မူလအခြေအနေနီးပါး တည်ငြိမ်အေးချမ်းမှုအနေအထားများသို့ ရောက်ရှိခဲ့ကြောင်း၊ တာဝန်သိသော ပြည်သူတို့အနေဖြင့်လည်းကောင်း၊ တာဝန်ရှိ၍ တာဝန်ကျေသော ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့်လည်းကောင်း မိမိနယ်မြေအတွင်း ထိုသို့လုပ်ဆောင်ရန်လိုအပ်ကြောင်း။

တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေသောအကြောင်းများပေါ်ပေါက်ရန် အလားအလာများရှိပါက ကြိုတင်ဖြေရှင်းခြင်း၊ ပေါ်ပေါက်လာပါက မဖြစ်မနေ ပါဝင်ဖြေရှင်းခြင်းများကို ပြည်သူ့ကိုယ်စားလှယ်များက မှန်ကန်စွာ ဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့လွှတ်တော်များ စတင်ဖွဲ့စည်းဆောင်ရွက်စဉ်က ယနေ့အထိ လွှတ်တော်ကိုယ်စားလှယ်အသီးသီး ထားရှိရမည့် သဘောထားများမှာ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲများထားရှိခြင်းမရှိဘဲ ပြည်သူအတွက်၊ နိုင်ငံအတွက်၊ ပြည်ထောင်စုအတွက်၊ ပြည်သူ့အကျိုးစီးပွား၊ နိုင်ငံ့အကျိုးစီးပွား၊ ပြည်ထောင်စုအကျိုးစီးပွားအတွက် တစ်စိတ်တစ်ဝမ်းတည်းဆောင်ရွက်ကြရေး သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းကို ဆောင်ရွက်ရာတွင်လည်း လွှတ်တော်နှင့် သမ္မတအကြား Check and Balance ဖြစ်အောင် အခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားကြောင်း။

စွမ်းရည်များရှိရန်လိုအပ်

အချင်းချင်း အပြန်အလှန်ထိန်းကျောင်းရေးနှင့်ပတ်သက်ပြီး ဆောင်ရွက်ရာတွင် သိမ်မွေ့မှုနှင့် ထိရောက်အဆင်ပြေမှုရှိရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် ဥပဒေပြုရမည့် တာဝန်ရှိသည်ဆိုသော လွှတ်တော်၊ လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ အခွင့်အရေး၊ ရပိုင်ခွင့်များကို မှန်ကန်ထိရောက်စွာ အသုံးပြုရန်လည်း လိုအပ်ကြောင်း၊ မိမိတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ အခွင့်အရေး၊ ရပိုင်ခွင့်များနှင့် အခြားနိုင်ငံအသီးသီးရှိ လွှတ်တော်များ၏ ဖွဲ့စည်းမှုများ၊ တာဝန်လုပ်ပိုင်ခွင့်၊ အခွင့်အရေးများအား နှိုင်းယှဉ်ချိန်ထိုးပြီး မိမိလွှတ်တော်အတွင်း ဖွဲ့စည်းမှုများ၊ တာဝန်သတ်မှတ်ချက်များ၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို မိမိတို့လွှတ်တော်၊ မိမိတို့နိုင်ငံနှင့် လျော်ညီသော ဖွဲ့စည်းလုပ်ဆောင်မှုများ၊ လုပ်ဆောင်နိုင်သောစွမ်းရည်များရှိရန် လိုအပ်ကြောင်း။

ထိုသို့ လုပ်ဆောင်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ အမြဲတမ်းကော်မတီ (၄)ရပ်စီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လွှတ်တော်ဥက္ကဋ္ဌများအား ခေါ်ယူစုစည်းပြီး လေ့လာမှု၊ ဆွေးနွေးမှု၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသော စာတမ်းပေါင်း(၂၃)ခု၊ တက္ကသိုလ်အသီးသီးမှ လာရောက်ဆွေးနွေးတင်သွင်းသော စာတမ်းပေါင်း(၃၁)ခုနှင့် အခြား အတွေ့အကြုံရင့်ကျက်သော ပညာရှင်များ၏ ဆွေးနွေးမှု (၃)ကြိမ်ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ထိုနည်းတူစွာ အစိုးရအဖွဲ့သည်လည်း ပြည်သူ့အကျိုးစီးပွား၊ နိုင်ငံတော်အကျိုးစီးပွားအတွက် စီမံခန့်ခွဲ အုပ်ချုပ်ကွပ်ကဲ ဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ထို့ကြောင့် လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားနှင့် ရည်ရွယ်ချက်သည် အစိုးရအဖွဲ့၏ သဘောထားနှင့် ရည်ရွယ်ချက်အတိုင်း ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

လိုက်နာဆောင်ရွက်

ခြုံငုံပြောဆိုသုံးသပ်ရလျှင် လွှတ်တော်များက ပြုစုရေးဆွဲပြဋ္ဌာန်းသည့် ဥပဒေများကို အစိုးရအဖွဲ့အကြီးအကဲ သမ္မတက အတည်ပြုပေးရသကဲ့သို့ ပြဋ္ဌာန်းထုတ်ပြန်ထားသော ဥပဒေများကို ပြည်သူများ၊ ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သော လွှတ်တော်များနှင့် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့နှင့် အဖွဲ့ဝင်များအားလုံး၊ ဌာနဆိုင်ရာအားလုံး၊ အသင်းအဖွဲ့များအားလုံး လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မူဖြင့်အုပ်ချုပ်ရသောစနစ်ဖြစ်၍ ဥပဒေပြုပြီးမှသာ ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ (No one is above the Law) မည်သူမှ ဥပဒေအထက်တွင် မရှိရ၊ (No one can stay beyond the Law) ဥပဒေပြင်ပတွင် မည်သူမှ မနေရဟူသည့်အတိုင်း ဥပဒေ၏အောက်တွင်သာ နေကြရမည်ဖြစ်ကြောင်း။

မိမိတို့၏တာဝန်၊ လုပ်ပိုင်ခွင့်၊ အခွင့်အရေး၊ ရပိုင်ခွင့်များနှင့် အခြားနိုင်ငံအသီးသီးရှိ လွှတ်တော်များ၏ ဖွဲ့စည်းမှုများ၊ တာဝန်လုပ်ပိုင်ခွင့်၊ အခွင့်အရေးများအား နှိုင်းယှဉ်ချိန်ထိုးပြီး မိမိလွှတ်တော်အတွင်း ဖွဲ့စည်းမှုများ၊ တာဝန်သတ်မှတ်ချက်များ၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို မိမိတို့လွှတ်တော်၊ မိမိတို့နိုင်ငံနှင့်လျော်ညီသော ဖွဲ့စည်းလုပ်ဆောင်မှုများ၊ လုပ်ဆောင်နိုင်သော စွမ်းရည်များရှိရန် လိုအပ်။

တည်ဆဲဥပဒေများအား ပြန်လည်သုံးသပ်ပြီး လက်ရှိခေတ်စနစ်နှင့်လျော်ညီ၍ ပြည်သူနှင့် နိုင်ငံတော်အကျိုးစီးပွားဖြစ်ထွန်းပြီး ပြည်သူနှင့် နိုင်ငံတော်အား ကာကွယ်စောင့်ရှောက်နိုင်သော ဥပဒေများ ဖြစ်တည်ပေါ်ထွန်းရေးနှင့် ထိုဥပဒေများအတိုင်း ပြည်သူ၊ အစိုးရနှင့် တရားရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ အဖွဲ့အစည်းအသီးသီးတို့သည် ဥပဒေနှင့်အညီ နေထိုင်ဆောင်ရွက်ရေး၊ ဆောင်ရွက်နေစေရေးသည် အရေးကြီးကြောင်း။

မမေ့အပ်

ထို့ကြောင့် လွှတ်တော်ရှိနေရန်၊ လွှတ်တော်ခိုင်မာရန်၊ လွှတ်တော်ခိုင်မြဲရန် လိုအပ်ကြောင်း၊ လွှတ်တော်မရှိလျှင် ပြည်သူ့အာဏာမရှိ၊ ပြည်သူ့အာဏာမရှိလျှင် ပြည်သူများဘဝ နစ်နာဆုံးရှုံးမည်၊ ပြည်သူများ နစ်နာဆုံးရှုံးမည်၊ နိုင်ငံတော်အကျိုးစီးပွားထိခိုက်ပျက်စီးမည်ဖြစ်ကြောင်း၊ လွှတ်တော်မရှိခဲ့သောအချိန်၌ မိမိတို့နိုင်ငံနှင့် ပြည်သူများအား ပြစ်တင်ဝေဖန်မှု၊ ဖိနှိပ်မှုမျိုးစုံခံခဲ့ရသည်ကို မမေ့အပ်ကြောင်း။

ယနေ့လွှတ်တော်များ ပြန်လည်ပေါ်ပေါက် အသက်ဝင်လှုပ်ရှားနေပြီး ပြည်သူများမှလည်း စိတ်ဝင်စားသည်၊ အလေးထားသည်၊ နိုင်ငံတကာမှလည်း စိတ်ဝင်စားသည်၊ အလေးထားသည်၊ လာရောက်၍လည်း တွေ့ဆုံနေကြသည်ကိုလည်း တွေ့ရမှာဖြစ်ကြောင်း။

မိမိတို့လွှတ်တော်များသည် ပြည်သူ၏ ဝေဖန်စိစစ်မှု၊ နိုင်ငံတကာ၏ စောင့်ကြည့်စစ်ဆေးအကဲဖြတ်မှုကို လက်ခံနိုင်ရမည်ဖြစ်ကြောင်း။

ပြည်သူများသည် ငြိမ်းချမ်းရေးကို မြတ်နိုးသည်။ လေးစားတန်ဖိုးထားသည်။ ငြိမ်းချမ်းရေးကို တည်ဆောက်လိုသည်။ ပြည်သူ့ကိုယ်စားလှယ်များဖြစ်သော ကျွန်ုပ်တို့၏ လွှတ်တော်များသည်လည်း ငြိမ်းချမ်းရေးအတွက် တံခါးဖွင့်ထား၍ ငြိမ်းချမ်းရေးကို တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးအတွက်၊ ငြိမ်းအေးရေးအတွက် တရားရှိရန်လိုကြောင်း၊ တရားသိရန်လိုကြောင်း၊ ပြီးတာတွေပြီးခဲ့ပြီ၊ ပြန်မရနိုင်၊ ပြန်မလာနိုင်၊ ရနိုင်တာတော့ ရှိသည်။ ယင်းမှာ သင်ခန်းစာဖြစ်ကြောင်း။

ပြီးခဲ့သည့်အတိတ်ကာလက ဖြစ်ပျက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် သင်ခန်းစာယူ၍ မကောင်းတာတွေ ဖြစ်မလာရအောင်နှင့် ကောင်းတာတွေ ဖြစ်ပေါ်လာရအောင် စဉ်းစားရန်လိုကြောင်း၊ ချင့်ချိန်တွက်ဆ ဆောင်ရွက်သွားရန် လိုကြောင်း။

တားဆီးကာကွယ်

ကိုယ်စားလှယ်များအား ထပ်မံတိုက်တွန်းလိုသည်မှာ ပြည်သူ့ကိုယ်စားလှယ်များပီပီ မိမိတို့သက်ဆိုင်ရာ နယ်မြေအတွင်း တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေသော ပြုမူ၊ ပြောဆိုဆောင်ရွက်မှုများ မဖြစ်ပေါ်လာစေရေးနှင့် ဖြစ်ပေါ်လာပါက စေတနာ၊ မေတ္တာ၊ သဒ္ဓါတရားများဖြင့် ဥပဒေနှင့်အညီ တားဆီးကာကွယ်သွားကြစေလိုကြောင်း။

ပြည်သူကို တကယ်ချစ်သော၊ တိုင်းပြည်ကို တကယ်ချစ်ရာရောက်သော လုပ်ဆောင်မှုများ အမှန်တကယ် ဖြစ်ထွန်းရေးသည် ယနေ့အချိန်တွင် အမှန်တကယ်ပင် လိုအပ်နေပြီဖြစ်ကြောင်း။

မိမိတို့သွားလို၊ ရောက်လိုသည့် ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး၊ ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်လာစေရေးသည်၊ ဒီမိုကရေစီကျင့်စဉ်များကို စနစ်တကျ မှန်မှန်ကန်ကန်၊ စည်းကမ်းရှိရှိ ဆောင်ရွက်နိုင်ရေးသည် ယနေ့ လက်ငင်းလိုအပ်ချက်ဖြစ်သကဲ့သို့ အနာဂတ်အတွက်ပါ အလွန်အရေးကြီးကြောင်း။

ရည်မှန်းချက်ကြီးလွန်းခြင်း (Over Ambition)၊ မျှော်လင့်ချက်ထားလွန်းခြင်း (Over Expectation) တို့သည် လွဲချော်တိမ်းပါးမှုဖြစ်တတ်သည်ကို သတိပြုရန် လိုကြောင်း။

မှန်ကန်စွာဆောင်ရွက်

အချို့နိုင်ငံများတွင် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ ပြည်သူကို အကာအကွယ်ပြုရေး(Responsible to Protect Civilian)ကိုအကြောင်းပြု၍ ဆောင်ရွက်နေသော်လည်း အမှန်တကယ်တွင် ထိုနိုင်ငံများရှိ ပြည်သူများ သေကျေပျက်စီး၊ ဒုက္ခမျိုးစုံဖြစ်ပေါ်နေမှုများကို ကြားသိတွေ့မြင်နေရသည်မှာ အင်မတန်မှ ဝမ်းနည်းဖွယ်ရာ သင်ခန်းစာယူစရာများပင် ဖြစ်ကြောင်း၊ မိမိတို့ ပြည်သူများမှာလည်း သင်ခန်းစာယူ၍ မှန်ကန်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့အား မေးမြန်းထားသော တတိယမေးခွန်းမှာ လွှတ်တော် ဘယ်တော့ခေါ်မလဲဆိုသည့် မေးခွန်းဖြစ်ကြောင်း။

ဤမေးခွန်းကို မဖြေမီ လွှတ်တော်အစည်းအဝေး (၃)မျိုးရှိကြောင်း သိရန်လိုကြောင်း၊

(က) ပုံမှန်အစည်းအဝေး။

(ခ) အထူးအစည်းအဝေး။

(ဂ) အရေးပေါ်အစည်းအဝေးဟူ၍ (၃)မျိုးရှိကြောင်း။

ပုံမှန်အစည်းအဝေးများကို အနည်းဆုံး(၂၁)ရက် ကြိုတင်ဖိတ်ကြားရမည်။ အထူးအစည်းအဝေးကို အနည်းဆုံး(၁၅)ရက် ကြိုတင်ဖိတ်ကြားရမည်။ အရေးပေါ်အစည်းအဝေးကို အနည်းဆုံး သုံးရက် ကြိုတင်ဖိတ်ကြားရမည်ဖြစ်ကြောင်း။

ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်အကြာဆုံးကာလသည် (၁၂)လထက် မပိုစေရဟု သတ်မှတ်ထားကြောင်း။

ထို့ကြောင့် မိမိအနေဖြင့် လွှတ်တော်ဘယ်တော့ခေါ်မလဲဆိုသော မေးခွန်းကို ဖြေရလျှင် လွှတ်တော်ခေါ်ရန် အကြောင်းပေါ်ပေါက်လာပါက လွှတ်တော်ခေါ်ယူကျင်းပမည်ဖြစ်ကြောင်း။

မှတ်ယူရမည်

လွှတ်တော်အစည်းအဝေးကို အနည်းဆုံး(၂၁)ရက် ကြိုတင်ဖိတ်ကြားခြင်းခံရက ပုံမှန်အစည်းအဝေး၊ အနည်းဆုံး(၁၅)ရက် ကြိုတင်၍ ဖိတ်ကြားခြင်းခံရက အထူးအစည်းအဝေး၊ အနည်းဆုံး သုံးရက်ကြိုတင်ဖိတ်ကြားခြင်းခံရက အရေးပေါ်အစည်းအဝေးခေါ်ယူသည်ဟု မှတ်ယူရမည်၊ သိထားရမည်ဖြစ်ကြောင်း။

ထို့အတူ လွှတ်တော်ခေါ်ယူရန် အကြောင်းပေါ်ပေါက်စေနိုင်သော အကြောင်းများကိုလည်း သိထားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဥပဒေကြမ်းများရှိနေလျှင် လွှတ်တော်ခေါ်ရန်အတွက် နီးစပ်နေပြီဖြစ်ကြောင်း၊ ထို့အပြင် အဆိုကောင်းများရှိနေလျှင်လည်း လွှတ်တော်ခေါ်ရန် အခွင့်အလမ်းများရှိနိုင်ကြောင်း၊ လွှတ်တော်ခေါ်ရန် ပြည်သူများနှင့် နိုင်ငံတော်အကျိုးစီးပွား ဖြစ်ထွန်းစေနိုင်သော အဆိုနှင့် ဥပဒေကြမ်းများပေါ်ထွက်ရေးမှာလည်း အရေးကြီးကြောင်း၊ အချိန်ကာလတိုင်းတွင်လည်း လွှတ်တော်ခေါ်သည်ဖြစ်စေ၊ လွှတ်တော်မခေါ်သည်ဖြစ်စေ လွှတ်တော်၏ လုပ်ငန်းတာဝန်များဖြစ်သော ဥပဒေပြုရေးနှင့် Reciprocal Control of Check and Balance စနစ်အရ ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းများကို ဆောင်ရွက်နေရမှာ ဖြစ်ကြောင်း၊ သို့မှသာ လွှတ်တော်အပေါ် မျှော်လင့်ထားသည့် ပြည်သူများ၏ မျှော်လင့်ချက်များကို မိမိတို့လွှတ်တော်၏ တာဝန်များကျေပွန်ခြင်းဖြင့် ဖြည့်ဆည်းဆောင်ရွက်နိုင်မှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် စက်မှုဇုန်အပိုင်း(၃)ရှိ သစ်ဆန်းအကယ်ဒမီ ဖန်ချက်စက်ရုံနှင့် Myanmar Chancellor Construction Co., Ltd. မှ ဦးအောင်ခြည်-ဒေါ်တင်လှိုင်နှင့် သား မန်နေဂျင်းဒါရိုက်တာ ဦးသိန်းထွန်းအောင် မိသားစုက မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ကြာကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ RC ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခြင်း အခမ်းအနားကို ဇွန် ၁၈ ရက်က ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ယခုလှူဒါန်းသည့် ကျောင်းဆောင်သစ်သည် RC အမျိုးအစားဖြစ်ပြီး အလျားပေ ၉၀၊ အနံပေ ၃၀ ရှိ တစ်ထပ်ကျောင်းဆောင်ဖြစ်ကာ ကျပ်သိန်း ၁၅၀ ကုန်ကျကြောင်း သိရသည်။ (၁၉)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၆-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း။ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၀ ၇။ ကဗျာပန်းဥယျာဉ်
- ၈:၁၀ ၈။ အတီးပြိုင်ပွဲ
- ၈:၂၀ ၉။ တေးဂီတအစီအစဉ်
- ၈:၃၀ ၁၀။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ Local Talent
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၅၀ ၅။ Yan Can Cook
- ၁:၁၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၅၃)**
- ၂:၀၀ ၇။ "ဘူမိအပူသုံးစွမ်းအင်များ" (အပိုင်း-၁)
- ၂:၁၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၂:၂၀ ၉။ International Science News
- ၂:၃၀ ၁၀။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၂:၄၀ ၁၁။ "(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှုများ(ဂျူဒို)"
- ၂:၅၅ ၁၂။ International News
- ၃:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄:၂၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄:၃၀ ၄။ တေးဂီတအစီအစဉ်
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၇။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၅:၁၅ ၈။ "ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး"
- ၅:၃၀ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆:၃၅ ၁၃။ ယဉ်တစ်ကိုယ်မယ်
- ၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (အပိုင်း-၂၁)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၂၅) (ဒုတိယတွဲ)**
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုပ်ထွေးဆန်းကြယ်" (အပိုင်း-၁၇)**
- ၂၀။ ဂီတတံခါးလေးဖွင့်ပါဦး
- ၂၁။ အစီအစဉ်ပြီး၏။

ပြည်တွင်း အားကစားသတင်းများ ပြည်တွင်း အားကစားသတင်းများ ပြည်တွင်း အားကစားသတင်းများ

တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေး နည်းစနစ်၊ နည်းပြနှင့် ဒိုင်သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၄

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော ၂၀၁၁ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးနည်းစနစ်၊ နည်းပြနှင့် ဒိုင်သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ တွဲဖက်အတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် နာယကများဖြစ်ကြသည့် ဒေါ်သက်သက်ဆွေ၊ ဒေါ်ဆွေဆွေချစ်၊ ဒေါ်နီနီနှင့် ဒေါက်တာမွန်မွန်အောင်တို့က သင်တန်းတွင် ထူးချွန်ဆု ပထမဆုရ ကသ(၂) မရတနာဝင်းဝင်း (ကချင်ပြည်နယ်)အား တစ်ဦးချင်းဆုနှင့် ငွေသားဆု ငွေကျပ်သုံးသောင်း၊ ဒုတိယဆုရ ကသ(၅၂) မခင်မြတ်သူ (အောင်ဆန်းကွင်း၊ လေ့ကျင့်ရေး)အား တစ်ဦးချင်းဆုနှင့် ငွေသားဆု ငွေကျပ်နှစ်သောင်း၊ တတိယဆုရ ကသ(၅၃) မဆုရည်စိုး(ဧရာဝတီတိုင်းဒေသကြီး)အား တစ်ဦးချင်းဆုနှင့် ငွေသားဆု ငွေကျပ်တစ်သောင်းတို့ကို ပေးအပ်ချီးမြှင့်ကြပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးအား ပေးအပ်သည်။

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ တွဲဖက်အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ၂၀၁၁ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ်၏ သရုပ်ပြအစီအစဉ်များကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ၂၀၁၁ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၏ သရုပ်ပြအစီအစဉ်များကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ တွဲဖက်အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်သည် ရန်ကုန်တိုင်းဒေသကြီး ကျိုက္ကဆံကွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင်လနှင့် ဩဂုတ်လအတွင်းကျင်းပမည့် အဌမအကြိမ်မြောက်တိုင်းဒေသကြီးနှင့်ပြည်နယ် ဝူရှူးပြိုင်ပွဲ၊ (၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲနှင့် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ၊ (၂၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ နဝမအကြိမ်မြောက် မြန်မာနိုင်ငံအမျိုးသားအားကစား ကော်မတီ ဥက္ကဋ္ဌဖလားနှင့် (၁၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် သိုင်းပြိုင်ပွဲ၊ (၄၁)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘော်လီဘောပြိုင်ပွဲ၊ (၄၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလေးမပြိုင်ပွဲတို့ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အားကစားအဖွဲ့ချုပ်အသီးသီးနှင့် တာဝန်ရှိသူတို့အား တွေ့ဆုံဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အိုလံပစ်နေ့အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၄

၂၀၁၁ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် အမျိုးသားရေကူးကန်ဝင်း၌ ကျင်းပရာ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် ဒုတိယဥက္ကဋ္ဌများ တက်ရောက်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ အမျိုးသားပြိုင်ပွဲတွင် ၅၅ ကီလို၊ ၆၀ ကီလို၊ ၇၃ ကီလိုတန်းနှင့် အလွတ်တန်း၊ အမျိုးသမီးပြိုင်ပွဲတွင် ၅၂ ကီလို၊ ၆၃ ကီလိုတန်းနှင့် အလွတ်တန်းပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။ (ကြေးမုံ)

ဇွန် ၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ကာယဗလမောင်နှင့် ကာယအလှမယ် ဆပ်ကော်မတီက ကြီးမှူး၍ ၂၀၁၁ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်လူရွေးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၌ ဆု ၁၀ ခု ရရှိသော အငယ်တန်း ကာယအလှမယ် မရတနာဖြူ(တာမွေမြို့နယ်)အား အထူးဂုဏ်ပြုဆု ချီးမြှင့်ခဲ့ရာ ဆုရရှိပြီး တွေ့ရစဉ်။
(ကာယဗလမောင်နှင့် ကာယအလှမယ်အဖွဲ့ချုပ်)

တင်းတိန်ရုံ-ထန်းတောဗောဓိ အထက အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် တင်းတိန်ရုံ-ထန်းတောဗောဓိအထက်တန်းကျောင်း(ယခင် တင်းတိန်ရုံ-ထန်းတောဗောဓိအလယ်တန်းကျောင်း)တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ယခု တင်းတိန်ရုံ-ထန်းတောဗောဓိ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ ပူဇော်ပွဲဖြစ်မြောက်ရေးအတွက် အလှူငွေထည့်ဝင်လိုပါက ဦးဘုန်းတင် ဖုန်း-၀၉-၆၇၀၁၀၁၀ နှင့် ဦးကျော်ဆန်း ဖုန်း-၀၉-၅၀၀၃၈၁၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

နိုင်ငံတကာ အားကစားသတင်းများ နိုင်ငံတကာ အားကစားသတင်းများ

ဖာဘရီဂက်စ်ကို ပေါင် ၂၇ သန်းဖြင့် ဘာစီလိုနာအသင်း တရားဝင်ကမ်းလှမ်း

ဘာစီလိုနာ ဇွန် ၂၄

ဘာစီလိုနာအသင်းသည် အာဆင်နယ်အသင်းခေါင်းဆောင် ဖာဘရီဂက်စ်ကို ပေါင် ၂၇ သန်းဖြင့် တရားဝင် စတင်ကမ်းလှမ်းလိုက်ပြီဖြစ်သည်။

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ၎င်း၏ကစားသမားကို ပေါင်သန်း ၄၀ သို့မဟုတ် ပေါင် ၃၅ သန်းရလျှင် ရောင်းချသွားမည်ဟုဆိုထားသော်လည်း ဘာစီလိုနာအသင်းက ပေါင် ၂၇ သန်းသာပေး၍ ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကမ်းလှမ်းမှုကို ဘာစီလိုနာအသင်းဥက္ကဋ္ဌ ဆန်ဒရိုရော့စ်ဆဲလ်ကိုယ်တိုင် အာဆင်နယ်အသင်း၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ အီဗန်ဂါဇီဒက်စ်ထံသို့ တိုက်ရိုက်ဆက်သွယ် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ယမန်နှစ်ကလည်း အသက်(၂၄)နှစ်ရှိ ဖာဘရီဂက်စ်ကို ပေါင် ၂၉ သန်းဖြင့် တစ်ကြိမ်၊ ပေါင် ၃၁သန်းဖြင့်တစ်ကြိမ် ကမ်းလှမ်းခဲ့ဖူးသည်။ ယခု ဘာစီလိုနာအသင်းက ပေါင် ၂၇ သန်းဖြင့် ကမ်းလှမ်းမှုကို အာစင်ဝင်းဂါးက ချက်ချင်းပယ်ချလိုက်သည်။ သို့သော် ဘာစီလိုနာအသင်းက အဆိုပါ စပိန်သားကို ခေါ်ယူနိုင်ရေး စျေးနှုန်းထပ်မံတိုးမြှင့်ပေးရန်ရှိနေသကဲ့သို့ အာစင်ဝင်းဂါး မျှော်မှန်းထားသည့် ပေါင် ၃၅ သန်းပြည့်မီလာမည်ဆိုပါက အာဆင်နယ်အနေဖြင့် ဖာဘရီဂက်စ်ကို လက်လွှတ်ဖွယ်ရာရှိနေသည်။ ကစားသမားကိုယ်တိုင်က မိမိအနေဖြင့် အာဆင်နယ်အသင်းတွင် ပျော်ရွှင်နေပါသည်ဟု ထုတ်ဖော်ပြောကြားထားဖူးသည်။သို့သော် ၎င်းက ဆက်လက်၍ မိမိ၏အနာဂတ်မှာ နည်းပြအာစင်ဝင်းဂါး၏ လက်ထဲတွင်သာရှိပါသည်ဟု ဆိုထားပြန်သည်။ သို့အတွက်ကြောင့် ယခုအချိန်တွင် ဖာဘရီဂက်စ်၏ အနာဂတ်ကို တိတိပပပြော၍မရနိုင်သေးပေ။ ဘာစီလိုနာအသင်းဘက်ကလည်း ဖာဘရီဂက်စ်ကို ခေါ်ယူနိုင်ရေးအတွက် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်နေပါသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ ***The Sun။***

ဘာစီလိုနာအသင်း၏ တရားဝင်ကမ်းလှမ်းခြင်းကို ခံရသည့် ဖာဘရီဂက်စ်။

ဟန်သစ်

ဘိုဂျန်ကာကစ် ရိုးမားသို့ပြောင်းမည်

ရောမ ဇွန် ၂၄



*ဘာစီလိုနာအသင်း၏ လူငယ်တိုက်စစ်မှူး ဘိုဂျန်ကာကစ်**(ယာပုံ)**သည် အီတလီစီးရီးအေကလပ် ရိုးမားသို့ ပြောင်းရွှေ့ရန် အလွတ်သဘောတူညီမှု ရရှိခဲ့ပြီဟု သိရသည်။*

ရိုးမားအသင်းသည် အသက်(၂၀)သာရှိသေးသည့် ဘိုဂျန်ကာကစ်ကို ပေါင် ၁၀ သန်းဖြင့် ခေါ်ယူရန် သဘောတူခဲ့သည်ဟုဆိုသည်။

အပြီးသတ်ပြောင်းရွှေ့နိုင်ရေးအတွက် နှစ်ဦးနှစ်ဖက်မှ တာဝန်ရှိသူများ ဆက်လက်ဆွေးနွေးလျက်ရှိကြောင်း သိရသည်။ ဘိုဂျန်ကာကစ်သည် ၂၀၀၇ ခုနှစ်ကပင် ဘာစီလိုနာအသင်းတွင် ပါဝင်ကစားခဲ့သော်လည်း ပုံမှန်ပွဲထွက်ခွင့်မရခဲ့ပေ။ လက်ရှိအချိန်တွင် ဘာစီလိုနာအသင်းသည် တိုက်စစ်မှူးတစ်ဦး ခေါ်ယူရန် ပြင်ဆင်နေသကဲ့သို့ အသင်းတွင် မက်ဆီ၊ အဖယ်လ်လေ၊ ပက်ဒရိုနှင့် ဒေးဗစ်ဗီလာတို့ရှိနေ၍ ဘိုဂျန်ကာကစ်အနေဖြင့် အသင်းပြောင်းရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်ဟုဆိုသည်။ ***ESPN။***

ဂျာမနီအသင်း ဗိုလ်စွဲနိုင်ခြေရှိ

ဘာလင် ဇွန် ၂၄

၂၀၁၁ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗိုလ်စွဲနိုင်ခြေအရှိဆုံးအသင်းကို ပြရမည်ဆိုလျှင် အိမ်ရှင်ဂျာမနီအသင်းကိုပဲ ပြရလိမ့်မည်ဖြစ်သည်။

ဂျာမနီအသင်းသည် အိမ်ရှင်အသင်းဖြစ်သည်နှင့်အညီ ပြင်ဆင်မှုကလည်း အားကောင်းလှသည်။ ဂျာမနီအသင်းတွင် ဘာဂျစ်ပရင့်ဇ်၊ဘာဘက်ပီတာ၊ အင်ကာဂရင်းစ်၊ လင်ဒါဘရီဆိုနက်၊ အလက်ဇန်ဒရာပေါ့ပ်၊ မာတီနာမိုလ်လာ၊ ကာစတင်ဂီရာဖရက်နှင့် လီနာဂိုဃိုဘလင်းကဲ့သို့ ထိပ်တန်းကစားသမားများရှိနေသည်။ ထို့ပြင် ဂျာမနီအသင်းရှိ ကစားသမားများ၏ ပျမ်းမျှ အသက်မှာ (၂၅)နှစ်သာရှိကြသည်။

လူကြီးနှင့်လူငယ်အချိုးညီညီပေါင်းစပ်ဖွဲ့စည်းထားသည့် ဂျာမနီအသင်းသည် ရှေ့၊ လယ်၊ နောက် နေရာစုံ၊ ထောင့်စုံတွင် အကောင်းဆုံးပုံစံ၌ရှိနေသည်။ သို့အတွက်ကြောင့် ပညာ၊ သမ္မာနှင့်အတူ အိမ်ရှင်အားကိုပါ ထည့်ပေါင်းမည်ဆိုပါက ဗိုလ်စွဲနိုင်ခြေအရှိဆုံးအသင်းမှာ ဂျာမနီအသင်းပင်ဖြစ်မည်ထင်သည်။ ဂျာမနီအသင်းသည် အဖွင့်ပွဲစဉ်အဖြစ် ဇွန် ၂၆ ရက်တွင် ကနေဒါအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ***ESPN။***

ပြည်သူ့ထံမှ ပေးစာများ

ပုံနှိပ်စက်နှင့် ပန်းထိမ်လုပ်ငန်း ဆူညံ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၃)ရပ်ကွက် နံ့သာဖြူလမ်းထိပ်နှင့် လမ်းထဲတွင် စာပုံနှိပ်တိုက်များနှင့် တွင်ခုံ၊ ပန်းထိမ်ဖိုများသည် နေ့ညလုပ်ကိုင်လျက်ရှိရာ ဆူညံသံများကြောင့် ရပ်ကွက်အတွင်းရှိ သက်ကြီးရွယ်အို မကျန်းမာသူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဆူညံသံမခံနိုင်သူများ

ဆေးမှုတ်သည့်အနံ့ ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၃)ရပ်ကွက် ဗိုလ်ဗထူးလမ်း အထက(၄)မြောက်ဒဂုံနှင့် ဒေသန္တရကျန်းမာရေးကြား ကျန်းမာရေးမှတ်တိုင်အနီးတွင် ကားဘော်ဒီလုပ်ငန်းလုပ်ကိုင်လျက်ရှိရာ ကားဆေးမှုတ်သော အနံ့၊ ကားဆေးခွာ မီးရှို့သည့်အနံ့ဆိုးများ ပျံ့နှံ့လျက်ရှိသည့်အပြင် ကားဘော်ဒီထုသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက် စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသဖြင့် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်သူများ

ရန်ကုန်-မော်ကျွန်း ရေယာဉ် နေ့စဉ်ခုတ်မောင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့မှ မော်လမြိုင်ကျွန်းမြို့သို့ နေ့စဉ်ခုတ်မောင်းနေသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်လိုင်းများမှာ ဇွန် ၁ ရက်မှစပြီး တစ်ပတ်လျှင် သုံးရက်သာ ပြေးဆွဲခုတ်မောင်းနေသဖြင့် ခရီးသွားများ ခရီးသွားလာမှု အခက်ကြုံနေရပါသည်။ ထို့အပြင် နေ့စဉ်ထုတ်သတင်းစာများကို နှစ်ရက် သုံးရက်ကြာမှ ဖတ်ရှုနေရပါသဖြင့် ရန်ကုန်-မော်လမြိုင်ကျွန်း နေ့စဉ်ပုံမှန်ခုတ်မောင်းပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသွားတစ်ဦး

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့သဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါကော်မရှင်ရုံး၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး တက်ရောက်၍ စိန်တလုံး သရက်ပင်နှင့် ကံ့ကော်ပင်တို့ကို စိုက်ပျိုးပေးသည်။ (အပေါ်ပုံ)

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊အမှုထမ်းများက ရတနာတန်းဝင်သစ်ပင်များ၊ မဟော်ဂနီ၊ ကံ့ကော်၊ စိန်ပန်း၊ ခရေ၊ သရက်၊ ပိန္နဲ၊ မာလကာနှင့် ပန်းမဲဇလီ ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြသည်။ (သတင်းစဉ်)

ယခင်ပြပွဲများထက် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများ ပိုမိုပြသရောင်းချပေးမည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲကြီး

ယခုရက်ပိုင်းအတွင်း နေပြည်တော်၏ ရာသီဥတုက မှုန်ပျပျရှိလှသည်။ နေသာသည့်အချိန် အလွန်နည်းသည်။ တစ်နေကုန် မိုးအုံ့နေသည်ကများသည်။ ရေတိုးမိုးကလည်း တဖွဲဖွဲ တဖျောက်ဖျောက် ရွာနေတတ်သည်။ တစ်ခါတစ်ခါတွင်လည်း သဲသဲမဲမဲရွာချသည်။ ယင်းသို့ ရာသီဥတုမသာယာသည့်ကြားမှ မဏိရတနာ ကျောက်စိမ်းခန်းမဝန်းကျင်တွင်မူ မနေမနား လှုပ်ရှားလုပ်ကိုင်နေကြသူများဖြင့် ပျားပန်းခပ်မျှ စည်ကားလျက်ရှိသည်။ ၎င်းတို့သည်ကား သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲထုတ်လုပ်ရောင်းချရေးကုမ္ပဏီများမှ ဝန်ထမ်းများနှင့် လုပ်သားများပင်။

နေရာချထား

မကြာမီကျင်းပတော့မည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နေ့မအား ညမနား ဆောင်ရွက်နေကြခြင်းဖြစ်သည်။ မရေမတွက်နိုင်အောင် များပြားလှသည့် ကျောက်စိမ်းတုံးကြီးများကို သူ့နေရာနှင့်သူ နေသားတကျဖြစ်အောင် နေရာချထားသူများက ချထားနေကြသည်။ သူ့အတွဲနှင့်သူ နေရာချထားမှု မှန်ကန်စေရန် စာရင်းပြုစုမှတ်သားသူများက မှတ်သားနေကြသည်။ တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်ရောင်းချပွဲ ကျင်းပပေးမည့် မဏိရတနာကျောက်စိမ်းခန်းမကြီးကို မွမ်းမံပြင်ဆင်နေကြသူများက မွမ်းမံပြင်ဆင်နေကြသည်။ ဖွင့်ပွဲအခမ်းအနား ကျင်းပနိုင်ရေးအတွက် ပြင်ဆင်နေကြသူများမှာလည်း ဒုနှင့်ဒေး။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်နေမှုများကို လှည့်လည်လေ့လာရင်း သိရှိလိုသည်များကိုလည်း ဆွေးနွေးမေးမြန်းခဲ့သည်။ ရှေးဦးစွာ စီမံရေးရာဆပ်ကော်မတီမှ အတွင်းရေးမှူးဖြစ်သူ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးသစ်လွင်က "ယခုကျင်းပမယ့် အထူးရောင်းချပွဲကြီးဟာ နိုင်ငံတော်မှာ အစိုးရအဖွဲ့သစ်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ရန်ကြီးအောင်